ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ တနင်္လာနေ့၊ (2-1-2012) (၆၉၉၂)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အာနန္ဒာဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (အောက်ပုံ)
(သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲ

ရေခြားမြေခြား တစ်သီးတခြား စိတ်ဓာတ်တွေပျောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်တွေ ပေါ်ပေါက်လာအောင်၊ တစ်ရေတည်း၊ တစ်မြေတည်း၊ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားအောင် အထူးသဖြင့် လမ်းပန်းဆက်သွယ်မှုတွေကောင်းမွန်အောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ပေးမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲပြီး ပြည်ထောင်စုကြီးမပြိုကွဲမပျက်စီးအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါတယ်။

[နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
၂၃-၄-၂၀၁၁ ရက်နေ့တွင် ကျင်းပသော နယ်စပ်ဒေသနှင့်
တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး
ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၁) ၌ ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်]

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

ပုဂံယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရားများ ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယမန်နေ့နံနက် ၁၁ နာရီတွင် ပုဂံယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့ရှိ ရွှေစည်းခုံဘုရားသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ အမွှေးတိုင်နှင့် ဆီမီးတို့ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကာ ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် အာနန္ဒာဘုရားသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သဗ္ဗညုဘုရားသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားနှင့် လောကနန္ဒာဘုရားတို့သို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကျေးလက်ပြည်သူများ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝမြင့်မားရေး အလေးအနက်ထားဆောင်ရွက်

လူဦးရေ သန်း ၁၀၀ ခန့်အတွက် ဝမ်းစာဖူလုံရေးကိုမျှော်မှန်း၍ တစ်နှစ်စပါးတင်း သန်း ၂၀၀၀ ထွက်ရှိရေးကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပခုက္ကူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂-၁-၂၀၁၂[တနင်္လာနေ့]။

လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ ဖွံ့ဖြိုးခြင်း

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသောနိုင်ငံ။ မိသားစုကို အခြေခံထားသည့် လူ့အဖွဲ့အစည်းတစ်ခု၏ အနှစ်သာရနှင့်အညီ ဖွဲ့စည်းဖြစ်တည်လာခဲ့သောနိုင်ငံ။ သွေးရင်းသားချင်း ပြည်ထောင်စုဖွား တိုင်းရင်းသားများ မြန်မာနိုင်ငံအတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ ချစ်ကြည်ရင်းနှီးပေါင်းစည်းနေထိုင်လျက်ရှိကြသည်မှာ ယနေ့ကာလအထိတိုင်။

နိုင်ငံ၏သမိုင်းကြောင်းတွင် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝဖြင့် ထည်ထည်ဝါဝါ ရပ်တည်လာခဲ့သည်မှာ အခိုင်အမာ။ အတိတ်သမိုင်းတွင် နယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကြောင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရသော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စွန့်လွှတ်စွန့်စား တွန်းလှန်တိုက်ပွဲဝင်နိုင်မှုစွမ်းပကားကြောင့် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်ရလာ။

ခေတ်ရေစီးကြောင်း အတွေ့အကြုံများအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကြမည်။ နိုင်ငံသားအားလုံး၏ ဆန္ဒနှင့်ဘဝအမှန်ဖြစ်သဖြင့် အစဉ်တစိုက်အလေးထားကြရမည့် လက်ဆင့်ကမ်းတာဝန်များသာ။

ယနေ့ကာလတွင် ခေတ်သစ် စနစ်သစ် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ဦးတည်လျှောက်လှမ်းလျက်ရှိရာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ ညီညွတ်သော စွမ်းပကားသည် လွတ်လပ်ရေးအခွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အရေးပါသောအချက်။ ထို့ကြောင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေးကို အလေးထားကြရမည်။

မြန်မာနိုင်ငံကဲ့သို့ ပြည်ထောင်စုနိုင်ငံတစ်ခုအတွက် ပြည်ထောင်စုမပြိုကွဲရေးသည် အဓိကလိုအပ်ချက်တစ်ခု။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးသည် နိုင်ငံအတွက် မရှိမဖြစ်သည့် အရေးအကြီးဆုံးအချက်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် နိုင်ငံသားအားလုံး တန်ဖိုးအထားရဆုံး အသက်ဖြစ်သည်ကို မပြတ်နှလုံးသွင်း ဆင်ခြင်ကြရမည့်အရာ။ သို့မှ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောနိုင်ငံသားတို့၏ဘဝ၌ ငြိမ်းချမ်းခြင်း၊ သာယာခြင်း၊ လွတ်လပ်ခြင်းအနှစ်သာရများကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ကြမည်သာ။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်း တည်ဆောက်၍မရ။ တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရပါမည်။ မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့သည် အလေးထားကြိုးပမ်းကြရဦးမည့် အချက်များ။ အဆိုပါအဓိကအချက်များ အောင်မြင်စွာ စွမ်းဆောင်နိုင်ရေးသည် လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ ဖွံ့ဖြိုးခြင်းများ ခိုင်မြဲမှုအပေါ်တွင် တည်မှီလျက်ရှိပါကြောင်း။ ။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၄)သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားရာတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဆိုသည့် အင်အား(၃)ရပ် တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံသားတို့၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်မှာ ပညာရေးဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာမှာ နယ်မြေအသီးသီးမှ ဆရာ၊ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍကနေ မိမိတို့ ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်သွားကြဖို့ မှာကြားလိုကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်လာသော ကျောင်းသား၊ ကျောင်းသူများအားလုံး စံချိန်မီ အရည်အသွေးရရှိစေရေးကိုလည်း အားထုတ်ကြိုးပမ်းကြစေလိုကြောင်း၊ တပည့်များ အမှန်တကယ် တတ်ကျွမ်းလာစေရေးအတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေး တိုးတက်ကောင်းမွန်လာရေး၊ ကျောင်းသား၊ ကျောင်းသူများ အလွတ်ကျက် နှုတ်တိုက်ဖြေဆိုခြင်းမှ လွတ်မြောက်အောင် ကလေးဗဟိုပြုသင်ကြားရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မသင်မနေရမူလတန်းပညာရေးစနစ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ကျောင်းသင်ခန်းစာ ဖတ်စာစာအုပ်များအခမဲ့ပေးနေသကဲ့သို့ နောင်နှစ်များတွင်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေအခြေအနေပေါ်မူတည်၍ ကျောင်းသုံးစာရေးကိရိယာများကိုပါ အခမဲ့ထောက်ပံ့ပေးသွားနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အင်္ဂလိပ်စာသည် မိခင်ဘာသာရပ်ပြီးလျှင် ကမ္ဘာတွင် အသုံးဝင်မှုအများဆုံးဘာသာရပ်ဖြစ်၍ အမှန်တကယ်တတ်မြောက်စေရန်၊ အင်္ဂလိပ်စာအခြေခံ ပီပီပြင်ပြင်ရရှိစေရန် သင်ကြားပေးကြစေလိုကြောင်း၊ ကျောင်းများတွင် ကျောင်းသင်ခန်းစာ သင်ကြားရုံသာမက စာရိတ္တ၊ ပြည်သူ့နီတိစသည့် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့်ကိုက်ညီအောင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် သင်ခန်းစာများကိုလည်း သင်ကြားပေးရမည်ဖြစ်ကြောင်း၊ကိုယ်ကာယရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပညာရေး၊ ကျန်းမာရေးနှင့် အားကစားတို့ကိုပါ တွဲဖက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများထဲမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များပေါ်ထွန်းလာအောင် မြေတောင်မြှောက်ပြုစုပျိုးထောင်သွားကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းတကျ နေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းကပင် စွဲမြဲစွာကျင့်သုံးစေရန် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းများအတွက် ပံ့ပိုးထောက်ပံ့ပေးနိုင်သည်ကို ပံ့ပိုးထောက်ပံ့ပေးထားပြီးဖြစ်သော်လည်း လိုအပ်ချက်များအားလုံး ပြည့်စုံစေရေးအတွက် မိဘဆရာအသင်းများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကို ဦးတည်သည့် ပညာရေးဆိုင်ရာလုပ်ငန်းများ(လူတိုင်းအတွက်ပညာရေးဆိုင်ရာလုပ်ငန်းများ)ကို ချမှတ်၊ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းဝင်နှုန်းသည် ၉၈ ဒသမ ၄၇ ရာခိုင်နှုန်းအထိ မြင့်မားလာသလို မြန်မာနိုင်ငံစာတတ်မြောက်မှုနှုန်းသည်လည်း ၂၀၁၁ ခုနှစ်မှာ ၉၅ ဒသမ ၀၁ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ကြောင်း၊ ပညာရေးအစီအစဉ်အားလုံးကို အကောင်အထည်ဖော်သည့်နေရာမှာ ဗဟိုချက်မသည် ဆရာဖြစ်ကြောင်း၊ ဗဟိုချက်မမှာ ရှိနေသည့်အတွက် ချမှတ်ထားတဲ့ပညာရေးမြှင့်တင်မှုအစီအစဉ် (Education Promotion Programme) တွေအတိုင်း ဖြစ်ပေါ်လာအောင် စွမ်းစွမ်းတမံကြိုးစား ဆောင်ရွက်ကြပါလို့ တိုက်တွန်းမှာကြားလိုကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ကျရာကဏ္ဍကနေ အစိုးရအဖွဲ့သစ်၏ အမျိုးသားရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များကို အထူးဂရုပြုလိုက်နာကြပြီး အထူးသဖြင့် ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် မူဝါဒလုပ်ငန်းစဉ်များကို ပိုမိုအလေးပေးလိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ အုပ်ချုပ်မှုစနစ် ကောင်းမွန်သော (Good Governance) အစိုးရကောင်းတစ်ရပ်ဖြစ်ပေါ်ပြီး သန့်ရှင်းသောအစိုးရ(Clean Government)ဖြစ်ဖို့ ဆောင်ရွက်ရာမှာ ကောင်းမွန်ပြီး စီမံခန့်ခွဲမှုထူးခြားသည့်စံများရရှိအောင် ကျရာကဏ္ဍမှ ပါဝင်ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ၁၃-၁၂-၂၀၁၁ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းတွင် အခြေခံပညာ ဆရာ၊ဆရာမများအား မှာကြားခဲ့သည့် လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်နေသည့် **အခြေခံစာတတ်မြောက်ရေး** လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဖော်ဆောင်ပေးကြပါလို့ တိုက်တွန်းမှာကြားလိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမ ၁၅၀၀ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၄၄) သင်တန်း ဆင်းပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တာချီလိတ်မြို့၌ ကတ္တရာလမ်းသစ်များဖွင့်

နေပြည်တော် ဇန်နဝါရီ ၁

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ရတနာလမ်းသွယ် ၈၊၉၊၁၀၊၁၁ ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ကတ္တရာလမ်းအဆင့်ဆောင်ရွက်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုက စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဘဏ္ဍာနှစ်အတွင်း လမ်းများဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် အမှုဆောင်အရာရှိ ဦးကိုကိုတို့က လမ်းသွယ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသွယ် တစ်လမ်းလျှင် အရှည်ပေ ၈၀၀ နှင့် အကျယ် ၁၂ ပေစီ ရှိပြီး စုစုပေါင်းငွေကျပ် သိန်း ၃၂၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၅၀ ၇။ လျှပ်တစ်ပြက်
၄း၅၅ ၈။ ကြိုတင်တားဆီးရန်သူမီး
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၆၇)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၂)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ ဇာတ်လမ်းတို
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁)**
၂၅။ Mini Series

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၅၄၅၀	၀. ၀၃၁၇၀
တရုတ် (ယွမ်)	၆. ၂၉၄၃၀	၀. ၁၅၈၈၇
အိန္ဒိယ (ရူပီး)	၅၃. ၀၆၀၀	၀. ၀၁၈၈၅
မလေးရှား (ရင်းဂစ်)	၃. ၁၆၉၀၀	၀. ၃၁၅၅၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၆၅၀	၀. ၇၇၁၃၁
ဂျပန် (ယန်း)	၇၇. ၁၁၅၀	၀. ၀၁၂၉၇
တောင်ကိုရီးယား(ဝမ်)	၁၁၅၈. ၀၉	၀. ၀၀၀၈၆
ယူရို	၀. ၇၇၁၆၆	၁. ၂၉၅၉၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၄၁၈	၁. ၅၅၂၃၅

အင်တာနက်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၅ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ ၂၀၁၁ ခုနှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ထူးချွန်ဆုရ ပဉ္စမတန်း (A) မှ မောင်ကျော်စောကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။(ကြေးမုံ)

☆ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယသမ္မတသည် လောကနန္ဒာဘုရား ဧရာဝတီမြစ်ရေ တိုက်စားမှုမှ ကြိုတင်ကာကွယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘုရားအမှတ်(၁၆၂၅)သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပခုက္ကူမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

❍ **ကျေးလက်ပြည်သူများမှ**

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ပခုက္ကူမြို့၌ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရွှေချောင်းတံတားပေါ်တွင် ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရန် အရှည်ပေ ၃၄၀ ရှိ ယာယီဘေလီတံတား တည်ဆောက်ထားမှုနှင့် အရှည်ပေ ၉၀၀ ရှိ ရွှေချောင်းတံတားသစ် တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူး ဦးအုန်းဟန်က ရွှေချောင်းတံတား ရေလမ်းအခြေအနေ တိုင်းတာခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တည်ဆောက်မည့်တံတား၏ တည်ရှိမှုအနေအထား၊ ရေစီးလမ်းကြောင်းနှင့် လိုက်လျောမှုရှိအောင် စိစစ်ရွေးချယ်တည်ဆောက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အောင်ချမ်းသာရပ်ကွက်တွင် ရေဘေးသင့်ပြည်သူများအား စနစ်တကျ ပြန်လည်နေရာချထားမှုကို ကြည့်ရှုစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးမှုလုပ်ငန်းများကို မေးမြန်းကာ အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်များ၏ အကျယ်အဝန်း၊ တည်နေရာ၊ လူဦးရေ၊ မိုးရွာသွန်းမှု၊ မြေသယံဇာတ၊ ဆည်ကန်တမံနှင့် မြစ်ရေတင်များ၊ အကျိုးပြုလယ်မြေများ၊ မိုးစပါး၊ နွေစပါး လျာထားမှု၊ စိုက်ပျိုးမှုနှင့် ဆန်စပါး ထွက်ရှိမှု၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးမှု၊ ဝမ်းစာဖူလုံမှု၊ မွေးမြူရေးလုပ်ငန်း၊ သားငါးထုတ်လုပ်မှု၊ အသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ တင်ပို့မှုနှင့် ကုန်သွယ်မှုတန်ဖိုး၊ လူတစ်ဦးချင်းဝင်ငွေတို့ကို လည်းကောင်း၊ အခြေခံနှင့် အဆင့်မြင့် ပညာသင်ကြားမှု၊ ဆေးရုံဆေးပေးခန်းများ ဖွင့်လှစ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြနှင့် ကျေးလက်ဒေသများအတွက် ရေပေးဝေမှု၊ မြို့ပြနှင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်မှုများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ပခုက္ကူခရိုင်အတွင်း ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ရေဘေးကြောင့် ပျက်စီးသွားသည့်သီးနှံများ အစားထိုးစိုက်ပျိုးမှု၊ နေအိမ်သစ်များ ပြန်လည်တည်ဆောက်ပြီးစီးမှုနှင့် အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးဖြစ်သည့် ဦးတင့်ဆွေက ပခုက္ကူဆေးရုံကြီးအတွက် ကျောက်ကပ်အထူးကု ဆရာဝန်တစ်ဦး ဖြည့်ဆည်းပေးရေးကို တင်ပြသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက မကွေးတိုင်းဒေသကြီးအတွင်း ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများတွင် ဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးတိုးတက်မှုများကို လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်သူများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်အသိပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးနှင့် ပြည်သူများအပိုင်းကလည်း အထူးအလေးထား ပူးပေါင်းလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ဒေသ၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းပေးရန် တင်ပြချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ယနေ့ မိမိဦးဆောင်သည့်အဖွဲ့သည် မြန်မာနိုင်ငံ၏ အရှည်လျားဆုံးသော တံတားကြီးတစ်စင်းအဖြစ် မှတ်တမ်းဝင်တော့မည့် ဧရာဝတီတံတား (ပခုက္ကူ) ကိုဖွင့်လှစ်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤခရီးစဉ်အတွင်းမှာပင် ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ရွှေချောင်းတံတားသစ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအတွက် အသစ်ပြန်လည်တည်ဆောက်ပေးထားသည့် နေအိမ်များကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ပါကြောင်း၊ ယခုဒေသမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဒေသ၏ အခြေအနေများကို သိရှိရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်းဖြင့် ပဏာမပြောကြားပြီး ပခုက္ကူခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး စီမံကိန်းများလျာထားချက်နှင့် အကောင်အထည် ဖော်နိုင်မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှုရှိနေသည်များနှင့် စာရင်းဇယားများ မှန်ကန်မှုရှိရန် လိုအပ်ပုံများကို သုံးသပ်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံ အပါအဝင်တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရာသီဥတုပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ်များကို အနည်းနှင့်အများ ရင်ဆိုင်ကြုံတွေ့နေကြရသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဤကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို သတိပြု၍ကြိုတင်ကာကွယ်မှု၊ တားဆီးမှုလုပ်ငန်းများကို ဒေသအလိုက်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပခုက္ကူမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်နေရာချထားပေးသည့် နေအိမ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၃ မှ

တိုက်တွန်းလိုပါကြောင်း။

ယနေ့မြန်မာနိုင်ငံ၏ မြို့ပြနှင့် ကျေးလက်ဒေသများအတွင်း မှီတင်းနေထိုင်သည့် လူဦးရေအချိုးအစားကို ကြည့်ပါက ၇၀ ရာခိုင်နှုန်းသော ပြည်သူများမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိနေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင်ဦးစီးဦးဆောင်ပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိသည့် အခြေခံလိုအပ်ချက်များအရ လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ပြီး နိုင်ငံတော်၏ ဦးဆောင်ပံ့ပိုးမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုများပါ ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းကြီးတစ်ခု ဖြစ်ပါကြောင်း၊ ထို့ပြင် ဤလုပ်ငန်းစဉ်မှာ ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်လည်းဖြစ်ပါကြောင်း၊ ပြည်သူများအပိုင်းကလည်း စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ဤပခုက္ကူဒေသကို လေ့လာကြည့်ပါက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်လာသည့်အပြင် စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများလည်း တိုးတက်ဖြစ်ထွန်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများ၏ကူညီမှု၊ အားပေးမှု၊ မှန်ကန်သည့်ဦးဆောင်မှုများဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝမြင့်မားရေးကို အလေးအနက်ထားဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်သမ္မတ အနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် တစ်ရွာလျှင် ကုန်ထုတ်လုပ်ငန်းတစ်မျိုး စီပွားဖြစ်ထုတ်လုပ်ခြင်း မပြုနိုင်သည့်တိုင် တစ်ခရိုင် ကုန်ထုတ်လုပ်ငန်းတစ်ခု ထုတ်လုပ်နိုင်ရေးအတွက် နည်းလမ်းများ ကနဦးရှာဖွေကြိုးပမ်းရန် လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ အဓိကအားဖြင့် လူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်ရေးကို ဦးတည်ချက်ထားရန် လိုပါကြောင်း။

ထို့ပြင် စိုက်ပျိုးရေးကဏ္ဍတွင် မိမိနိုင်ငံ၏သန်း ၆၀ သော လူဦးရေ၏ ဝမ်းစာဖူလုံမှုရှိရေးအတွက် တစ်နှစ်စပါးတင်း သန်း ၁၅၀၀ ထွက်ရှိရေး ဦးတည်ဆောင်ရွက်ခဲ့ရာ ယနေ့ဆိုလျှင် ဝမ်းစာဖူလုံရုံသာမက ပိုလျှံမှုပင် ရှိနေပြီဖြစ်ပါကြောင်း၊ သို့သော်လည်း လူဦးရေအားဖြင့် ဆက်လက်တိုးပွားလာဦးမည်ဖြစ်၍ လူဦးရေ သန်း ၁၀၀ ခန့်အတွက် ဝမ်းစာဖူလုံရေးကို မျှော်မှန်းချက်ထား၍ တစ်နှစ်စပါးတင်း သန်း ၂၀၀၀ ထွက်ရှိရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရဦးမည် ဖြစ်ပါကြောင်း။

ယနေ့မိမိတို့အနေဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိရန်လိုအပ်ပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် လွတ်လပ်ရေးရခါစကပင် ပေါ်ပေါက်လာခဲ့သည့် တိုင်းရင်းသားညီနောင်အချင်းချင်း လက်နက်ကိုင်ဆန့်ကျင်မှုများချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းရေးရရှိရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအပိုင်းကလည်း မိမိတို့ဒေသအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် ထာဝရငြိမ်းချမ်းမှုများဖြစ်ထွန်းပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားလိုပါကြောင်း။

အလားတူ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိရာ ယနေ့ဆိုလျှင် အတန်အသင့် ပြည့်စုံမှုရရှိနေပြီဖြစ်ပါကြောင်း၊ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲမှုလျော့နည်းရေးအတွက် အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများတည်ထောင်ရန် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများအပိုင်းကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန်ရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လိုက်ပါ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ယနေ့ဆိုလျှင် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ခက်မသုံးဖြာအာဏာသုံးရပ်ကို အခြေခံဥပဒေနှင့်အညီ တာဝန်ခွဲဝေထမ်းဆောင်လျက်ရှိနေကြပြီ ဖြစ်ပါကြောင်း။

ထို့ကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများအပါအဝင် နိုင်ငံ့ဝန်ထမ်းအားလုံးအနေဖြင့်လည်း အုပ်ချုပ်ရေးစနစ်ပုံသဏ္ဌာန် ပြောင်းလဲမှုအခြေအနေနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးက အထူးကြပ်မတ်ကုသဆောင်၊ ထိခိုက်နှင့် အရေးပေါ်ခွဲစိတ်ခန်း၊ ခွဲစိတ်ဆောင်၊ ခွဲစိတ်ခန်းမ၊ ဓာတ်မှန်ဌာန၊ အရိုးခွဲစိတ်ကုသဆောင်၊ သားဖွားဆောင်၊ မီးယပ်ဆောင်နှင့် ကျောက်ကပ်ဆေးစက်တို့တွင် တက်ရောက်ဆေးဝါးကုသနေမှုများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဆေးရုံကြီးခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဆေးရုံကြီးငွေပဒေသာပင်အတွက် အလှူငွေများနှင့် တက်ရောက်ဆေးဝါးကုသနေသည့်လူနာများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတက ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ဆရာမများအား တွေ့ဆုံ၍ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဆေးရုံများတွင် မြွေကိုက်ခံရသည့် လူနာနှင့် ကျောက်ကပ်ပျက်စီးသည့် လူနာဖြစ်ပွားမှုအပေါ် မူတည်၍ အဆင့်အလိုက် ကျောက်ကပ်ဆေးစက်များကို နိုင်ငံတော်နှင့် အလှူရှင်များက စိစစ်ဖြည့်ဆည်းပေးရန်နှင့် ပညာရှင်များလေ့ကျင့်ရေးကို ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းများကပ်လှူပူဇော်ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရွှေဂူမြတ်စွာဘုရားကြီးသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ရေချမ်းနှင့်အလင်းတိုင်များ ကပ်လှူပူဇော်ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချ

နေပြည်တော် ဇန်နဝါရီ ၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် လာရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပြပွဲတွင် နံနက် ၈ နာရီမှ စတင်၍ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုရွေးချယ်မှတ်သားကြပြီး ဈေးပြိုင်ပေး၍ ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

နံနက် ၁၀ နာရီတွင် ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိပြီး ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအား ဈေးပြိုင်ပေး၍ ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို အပြိုင်ဝယ်ယူကြသဖြင့် ကျောက်စိမ်းအတွဲပေါင်း ၈၂၂ တွဲ ရောင်းချနိုင်ခဲ့သည်။ **(ဝဲပုံ)**

မန္တလေးမြို့၌ One Stop Service Centre ဖွင့်လှစ်၍ ကျောက်စိမ်း လက်ကောက်၊ ပုတီး၊ ရုပ်တု ရုပ်ထွင်းများနှင့် အချောထည်များကို အခွန်ပေးဆောင်ပြီး ပြည်ပသို့တင်ပို့ရောင်းချခွင့် ပြုထားသဖြင့် ပြည်တွင်းရတနာကုန်သည်များသည် ပြည်တွင်းတွင် ကျောက်စိမ်းလက်ကောက်၊ပုတီးနှင့် အချောထည်များ ပြုလုပ်ရန်အတွက် ကျောက်စိမ်းအတွဲများကို ပြည်ပရတနာကုန်သည်များနှင့် အပြိုင်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဇန်နဝါရီ ၃ ရက်အထိ ဆက်လက်ကျင်းပပြီး ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၁၂ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ အရှင်ခေမာ သိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) ဟောကြားတော်မူသောတရားတော်
- ၆း၃၀ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
- ၆း၄၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၇၄)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၇)**
- ၈း၄၅ မန္တလာမြေမှ မဟာဗောဓိကမ္မဋ္ဌာန်းတိုက်၏ မြတ်သောအလှူတော်
- ၉း၀၀ Activities In The City
- ၉း၂၅ စာအုပ်ပြခန်း (ဂျူနီယာဝင်း)
- ၉း၄၅ ပေါင်းစုလို့တူယှဉ်နွှဲ စတုဒိသာပွဲ
- ၉း၅၀ စိန်ရတနာမွှာစရိယ စာသင်တိုက်၏ i Pad ပိဋကသုံးပုံလှူဒါန်းပူဇော်ပွဲ
- ၁၀း၀၅ အရိုးအကြောအဆစ်များပြန်လည်သန်စွမ်းစေမည့်နှင်းဆီ
- ၁၀း၃၅ The Champion of Dance
- ၁၁း၁၀ Celebrity Choice
- ၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၁၂)**
- ၁၂း၁၅ ဘဝထဲက ကဗျာ၊ ကဗျာထဲက ဘဝ (မေတ္တာဝန်းကျင်)
- ၁၂း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၁း၀၀ အရှင်ခေမာ သိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) ဟောကြားတော်မူသောတရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ
- ၂း၅၀ Activities In The City
- ၃း၁၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၇၄)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၇)**
- ၄း၅၅ နှစ်စဉ်မပျက်နွှဲလို့ပျော် ထောက်ကြန့်မြို့ရဲ့ နှစ်ကျိုပ်ရှစ်ဆူပွဲတော်
- ၅း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၁၂)**
- ၅း၄၅ ရန်ကုန်မြင်ကွင်းကျယ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၆)
- ၆း၂၀ Sunday Talk (ဒေါက်တာသက်သက်ခိုင်၊မျိုးမြတ်သူ)
- ၆း၄၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၇၅)**
- ၇း၄၀ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သီချင်းကောင်းကောင်း၊ သီချင်းတောင်း
- ၈း၅၀ အနုပညာမိုးကောင်းကင်
- ၉း၁၀ ရန်ကုန်မြင်ကွင်းကျယ်
- ၉း၂၅ Barclays Premier League (QPR Vs Norwich City)
- ၁၁း၂၅ ပရီမီယာလိဂ်ရင်ခုန်သံ
- ၁၁း၅၅ Barclays Premier League (Fulham Vs Arsenal)
- ၂း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၈)**
- ၂း၄၅ ဈေးဝယ်လမ်းညွှန်
- ၂း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၁၃)**
- ၃း၂၅ **ဖွားချို (စံရှားတင်၊ ဝါးခယ်မရဲမောင်) [ဒါရိုက်တာခင်ဇော်(ကေသီပန်)]**
- ၃း၄၀ စိန်တို့ရဲ့ကမ္ဘာ စိန်ကေရာဇ်ပါ
- ၃း၅၀ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
- ၄း၀၅ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၄း၂၀ နွေးထွေးသော ဝန်ဆောင်မှုများနှင့် ဒေင်
- ၄း၃၀ အလှဆင်စရာပရိဘောဂကမ္ဘာ
- ၄း၄၀ ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
- ၄း၅၀ ကြည်နူးမှုန်းမြော် မြတ်ရှင်မော်. . .
- ၅း၀၀ အစီအစဉ်ပြီး၏။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Wolves - Chelsea	ESPN
၉း၂၅	QPR - Norwich City	STAR SPORTS (MRTV-4)
၁၁း၅၅	Fulham - Arsenal	ESPN (MRTV-4)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

☆ ဒုတိယသမ္မတမှ

အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်းရှိ မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားရာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်သူ ရပ်ကွက်သားများအား ယခုကဲ့သို့ လာရောက်တွေ့ဆုံရခြင်းမှာ ရပ်ကွက်အတွင်း မီးလောင်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး အခြေအနေအဖြစ်မှန် သိရရန်နှင့် ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ မီးလောင်ပေါက်ကွဲ ပျက်စီးဆုံးရှုံးမှုများအတွက် များစွာမှစိတ်မကောင်းဖြစ်မိပါကြောင်း၊ အသက်ဆုံးရှုံးမှုနှင့် ဥစ္စာပစ္စည်းဆုံးရှုံးမှုများအတွက် နိုင်ငံတော်သမ္မတကလည်း မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းစိတ်မကောင်းဖြစ်မိသည့်အကြောင်း မှာကြားခဲ့သည်

ကျောင်းတိုက်သို့ ရောက်ရှိကြပြီး မီးဘေးသင့်ပြည်သူများအား ထောက်ပံ့မည့် ဆန်၊ စားသုံးဆီ၊ စောင်၊ အဝတ်အထည်များနှင့် စားသောက်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ မီးလောင်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် လူနာများအား ထောက်ပံ့ငွေများ လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

ကိုလည်း ရပ်ကွက်နေပြည်သူများ သိရှိနိုင်အောင် ပြောကြားလိုကြောင်းနှင့် စားဝတ်နေရေးနှင့် အခြားသော လူမှုရေးကိစ္စရပ်များ အဆင်ပြေစေရန် နိုင်ငံတော်ဘက်က အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားပြီး ယခုအရေးပေါ် အထွေထွေ အသုံးပြုနိုင်ရန် အိမ်ထောင်စု ၁၆၁ စုအတွက် အိမ်ထောင်တစ်စုလျှင် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီ စုစုပေါင်း ၃၂၂ သိန်းကို လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ မီးဘေးသင့်ပြည်သူများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူ ၁၇၁ ဦးအား တစ်ဦးလျှင် ကျောပိုးအိတ်တစ်လုံး၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ကျောင်းဝတ်စုံနှစ်စုံနှင့် ထောက်ပံ့ငွေကျပ် တစ်သောင်းစီ စုစုပေါင်းငွေကျပ် ၅၅၈၀၀၀၀ ကို ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ထောက်ပံ့ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် ပုသိမ်ညွန့်ရပ်ကွက် ရာကျော်ကျောင်းကြီးတိုက်ရှိ မဟာဝိဇယာရာမ အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ လက်ခံရရှိမှု အခြေအနေ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ အထူးဆေးအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသအဖွဲ့နှင့် ဖြိုးစေတနာကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့၏ မီးဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို မေးမြန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အောင်ဩဘာသိဒ္ဓိဓမ္မာရုံသို့ရောက်ရှိပြီး မဟာဝိဇယာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇဋိလထံ နဝကမ္မအလှူငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အဆိုပါဓမ္မာရုံ၌ မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ၆၃ စုအား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီ စုစုပေါင်း ၁၂၆ သိန်းကို လက်ရောက်ပေးအပ်ကာ စိတ်ပျက်အားငယ်ခြင်းမရှိကြရန်နှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းဖြင့် နှစ်သိမ့်အားပေးစကားပြောကြားသည်။

ဆရာတော် ဘဒ္ဒန္တပညာဝံသတို့အား နဝကမ္မအလှူငွေကျပ် ၁၀ သိန်းစီ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတသည် မီးလောင်ပေါက်ကွဲမှုတွင် တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားသော မီးသတ်တပ်ဖွဲ့ဝင်ငါးဦး၏ မိသားစုများအားတွေ့ဆုံကာ အများအကျိုးအတွက် အသက်စွန့်ကာ တာဝန်ထမ်းဆောင်သွားသော မီးသတ်တပ်ဖွဲ့ဝင်များအတွက် မိမိအနေဖြင့် ဂုဏ်ယူပါကြောင်း၊ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမှုဖြစ်ရပါကြောင်း၊ အသက်စွန့်လွှတ်သွားသော မီးသတ်တပ်ဖွဲ့ဝင်များအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသောမိသားစုများ အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် နိုင်ငံတော်က တတ်နိုင်သမျှ ထောက်ပံ့ကူညီသွားမည်ဖြစ်ပါကြောင်းဖြင့် နှစ်သိမ့်အားပေးစကား ပြောကြားကာ မီးလောင်ပေါက်ကွဲမှုတွင် အသက်ဆုံးရှုံးခဲ့သော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးနှင့် ပြည်သူ ၁၃ဦး စုစုပေါင်း ၁၈ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီ စုစုပေါင်းငွေကျပ် ၃၆ သိန်းကို ၎င်းတို့၏ မိသားစုများထံ လက်ရောက်ပေးအပ်သည်။

ထို့နောက် မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်

ထို့နောက် ဘောဇနသုခကာရီဆွမ်းစားကျောင်းသို့ ရောက်ရှိကြပြီး ဒုတိယသမ္မတသည် မဟာဝိဇယာရာမကျောင်းတိုက် လက်ထောက်ဆရာတော် ဘဒ္ဒန္တပညိန္ဒနှင့် ကူးတို့ဆိပ်ရပ်ကွက် မီးသင့်လောင်ကျွမ်းရာတွင်ပါဝင်သည့် ခေမာသီဝံကျောင်းတိုက်

လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတထံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မီးလောင်ပျက်စီးဆုံးရှုံးသွားသော အိမ် ၁၀၄ လုံးအတွက် အိမ်တစ်လုံးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ငွေကျပ် ၅၂ သိန်း၊ ငွေကျပ် ၆၃၅၀၂၄၅ တန်ဖိုးရှိ အိမ်မိုးသွပ်ချပ်၅၅၀၀၊ ငွေ ၂၄၀၁၅၄ ကျပ်တန်ဖိုးရှိ အိမ်မိုးပြောင်သွပ် ၂၀၈ ချပ်၊ ငွေကျပ် ၂၃၁၀၀၀ တန်ဖိုးရှိ အိမ်မိုးသွပ်ရိုက်သံ ၇၇ ပိဿာ စုစုပေါင်းငွေ ၁၂၀၂၁၃၉၉ ကျပ်ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတထံ မက်စ်မြန်မာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်က မီးလောင်ပျက်စီးသွားသည့် ခေမာသီဝံဘုန်းတော်ကြီးကျောင်း ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

သိန်း ၅၀၀၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၄၁၅ သိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ငွေကျပ်သိန်း ၄၀ နှင့် MNL ကလပ်ဘောလုံးအသင်း ၁၄ သင်းက တစ်သင်းလျှင် ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် ငွေကျပ်သိန်း ၄၂၀ စုစုပေါင်း ငွေကျပ်သိန်း ၄၆၀၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အရန်မီးသတ်တပ်ဖွဲ့အတွက် ငွေကျပ်သိန်း ၃၀၊ ကြက်ခြေနီတပ်ဖွဲ့အတွက် ငွေကျပ်သိန်း ၃၀၊ အသက်စွန့်လွှတ်သွားသော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအတွက် ငွေကျပ် ၂၅ သိန်း၊ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် မီးသတ်တပ်ဖွဲ့ဝင် ၃၀ အား ငွေကျပ်သိန်း ၃၀ နှင့် မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် ၂၁၅ သိန်းနှင့် တော်ဝင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကိုကိုထွေးက ငွေကျပ်သိန်း ၂၀၀ တို့ကို ပေးအပ် လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတထံ A1 ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးရန်ဝင်းက ငွေကျပ်သိန်း ၁၅၀၊ Golden Flower Co., Ltd. ဥက္ကဋ္ဌ ဦးအောင်ထွေးက ငွေကျပ်သိန်း ၁၅၀၊ ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ

ဦးအောင်ဇော်နိုင် က ငွေကျပ်သိန်း ၁၅၀၊ ACE ဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစံကိုကိုတင့်ဆန်းက ငွေကျပ်သိန်း ၁၅၀၊ Original Group Co., Ltd. ဥက္ကဋ္ဌ ဦးစိုင်းသာဒွေးက ငွေကျပ်သိန်း ၁၅၀၊ TZTM ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးသက်လင်းက ငွေကျပ်သိန်း ၁၅၀ နှင့် PMG ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးသိန်းဝင်းက ငွေကျပ်သိန်း ၁၅၀၊ Carrier Aircon ဥက္ကဋ္ဌ ဦးဟန်ကြည်က ငွေကျပ်သိန်း ၁၀၀၊ Myanmar Base Net Co., Ltd. ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်က ငွေကျပ်သိန်း ၁၀၀ နှင့် WEG Co., Ltd. ဥက္ကဋ္ဌ ဦးဝင်းနိုင်က ငွေကျပ်သိန်း ၁၀၀၊ ရွှေသပြေကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ

ဦးသိန်းဝင်းက ငွေကျပ်သိန်း ၅၀ နှင့် Forever Group က ငွေကျပ်သိန်း ၄၀ အပါအဝင် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်း ငွေကျပ် ၃၄၀၅ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဧည့်ခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဝင်းနှင့် ဆရာဝန်ကြီးများက ဆေးရုံသို့ ရောက်ရှိလာသည့် မီးလောင်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရလူနာများအား အချိန်နှင့်တစ်ပြေးညီ ဓာတ်မှန်ရိုက်ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၊ ခွဲစိတ်ခြင်း၊ ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများနှင့် လက်ရှိဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လူနာများအား အထူးဂရုပြုစောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတက ရန်ကုန်ပြည်သူ့ဆေးရုံကြီးအခန်း (၅)နှင့် (၆)၊ အထူးကြပ်မတ်ကုသဌာနနှင့် အခန်း(၉)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မီးလောင်ပျက်စီးဆုံးရှုံးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှင့် (၁၀)တို့၌ မီးလောင်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် ကမာရွတ်မြို့နယ် အများသုံးသန့်စင်ခန်း ဖုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် အမျိုးသမီးလူနာတစ်ဦးတို့အား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီကို လက်ရောက်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာနသို့ ရောက်ရှိပြီး မီးလောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ခေမာသီဝံကျောင်းမှ ဘဒ္ဒန္တပဏ္ဍိစ္စအား ကျန်းမာရေးအခြေအနေကို မေးမြန်း

လျှောက်ထားကာ နဝကမ္မလှူဒါန်းငွေကျပ် တစ်သိန်းကို ဆက်ကပ်လှူဒါန်းပြီး ဒဏ်ရာရရှိကြသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေကျပ် တစ်သိန်းစီကို လက်ရောက်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မီးလောင်ပျက်စီးသွားသော ကျောင်းအဆောက်အအုံမှ ကြွင်းကျန်ပစ္စည်းများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်များက ရှင်းလင်းနေမှုနှင့် မီးလောင်ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အဆိုပါကျောင်းရှိ ဆရာ၊ ဆရာမများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ကျောင်းအုပ်ကြီးရုံးခန်း၌ ဒုတိယသမ္မတအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီက ကျောင်းရှိကျောင်းသားအင်အားနှင့် စာသင်ခန်းများအခြေအနေ၊ မီးလောင်ကျွမ်းပြီး ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့် မီးလောင်ပျက်စီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဆောက်လုပ်ရေး

စာမျက်နှာ ၆ ကော်လံ ၅ သို့ ✻

ကယ် ဆယ် ရေး စခန်းဖွင့်လှစ်ထားရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် ကညင်ရေလှောင်တမံဖွင့်လှစ်

ကညင်တမံမှ ယခုနှစ်နွေစပါးဧက ၈၀၀၀ ကို စိုက်ပျိုးရေပေးဝေမည်

၂ ဒသမ ၅ မီဂါဝပ်နှစ်လုံးတပ်ဆင်၍ ကျေးလက်ရေအားလျှပ်စစ်ရရှိရေးဆောင်ရွက်ထား

နေပြည်တော် ဇန်နဝါရီ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသည့် ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါရေလှောင်တမံ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ ရောဝတီတိုင်းဒေသကြီးဝန်ကြီးများ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်မှသာလျှင် နိုင်ငံတစ်ဝန်းလုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာလုပ်ငန်း၏ အခြေခံလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရန် ဆည်မြောင်းတာတမံများစွာတို့ကို တည်ဆောက် အကောင်အထည်ဖော်ပေးနေခြင်း ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်မှ ယနေ့ကာလအထိ ဆည်မြောင်းတာတမံ စုစုပေါင်း ၂၃၃ ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး စိုက်ပျိုးမြေဧရိယာ ဧက ၂ ဒသမ ၈၂ သန်းကို ဆည်ရေသောက်စနစ်များဖြင့် အထောက်အကူပြုနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကညင်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံး အသစ်ထပ်မံဖွင့်လှစ်ပေးသည့် စီမံကိန်းကြီးဖြစ်သည့်အပြင် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အချိန်ကိုက်ဖွင့်လှစ်လိုက်ခြင်းလည်း ဖြစ်ကြောင်း။

၎င်းကညင်ဆည်စီမံကိန်းလုပ်ငန်းကို ၂၀၀၇-၂၀၀၈ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ရေးကာလ (၅)နှစ်အတွင်း အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဆည်မြောင်း တာတမံစီမံကိန်းများအနက် ရောဝတီတိုင်းဒေသကြီးအတွင်း ၁၀ ခုမြောက် ဖွင့်လှစ်နိုင်ခဲ့သော စီမံကိန်းဖြစ်ကြောင်း။

မိမိတို့ အစိုးရသစ်လက်ထက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတာဝန်ကို နိုင်ငံတော်၏ အမျိုးသားရေးတာဝန်အဖြစ် အတိအလင်းကြေညာပြီး လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်သည် အဓိကအကျဆုံးသောလုပ်ငန်းအဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝတိုးတက်ရေးအတွက် တစိုက်မတ်မတ် ကြီးကြပ်လမ်းညွှန်တာဝန်ပေး အကောင်အထည်ဖော်နေမှုများအပေါ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကျေးဇူးရှင်တောင်သူလယ်သမားကြီးများ၏ဘဝ လက်တွေ့ကျကျ အမှန်တကယ် တိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြံစည်အားထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

တောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများအပေါ်တွင် စီးပွားရေးအရ တွက်ခြေကိုက်မှုရှိပြီး ခိုင်မာသော ဈေးကွက်ရှိနေစေရန်၊ အဓိကသော့ချက်လိုအပ်ချက်အပေါ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သော်လည်းကောင်း၊ ဒေသအာဏာပိုင်များနှင့် ဒေသတွင်းလုပ်ငန်းရှင်များနှင့်သော်လည်းကောင်း ညှိနှိုင်းပေါင်းစပ်ပြီး မျက်ခြည်မပြတ်နည်းလမ်းရှာဖွေအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တောင်သူလယ်သမားများအပိုင်းကလည်း စိုက်ပျိုးထွက်ရှိသော သီးနှံများ ဈေးကွက်နှင့် ဈေးကောင်းရရှိနိုင်ရေးအတွက် အထွက်ကောင်းမျိုးကောင်းမျိုးသန့် မျိုးစေ့များအသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း၊ စိုက်ပျိုးရေအပါအဝင် သွင်းအားစု၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်အချိုးကျ အသုံးပြုခြင်း၊ မျိုးစေ့သုံးစွဲခြင်း၊ သွင်းအားစုသုံးစွဲခြင်း၊ လုပ်အားခအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ အလေအလွင့်ဆုံးရှုံးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ရောင်းဝယ်လွှဲပြောင်းမှု ကုန်ကျစရိတ်များ လျော့နည်းသက်သာအောင် ဆောင်ရွက်ရန်လိုအပ်ခြင်း အချက်များကို မိမိကိုယ်တိုင် ကြီးပွားတိုးတက်လိုစိတ်ဆန္ဒအပြည့်အဝဖြင့် ကိုယ်တိုင်ကိုယ်ကျ စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် ပူးပေါင်းပါဝင်ကြိုးစားပေးရန် လိုအပ်ကြောင်း။

အဓိကဆန်စပါးသီးနှံမှ ထိုက်တန်သော အကျိုးအမြတ် ဝင်ငွေရရှိနိုင်ရေးအတွက် "မျိုးမှန်မှ အဖိုးတန်မည်၊ မျိုးကောင်းမှ ဈေးကောင်းရမည်" စပါးအထွက်နှုန်းကောင်းရန်နှင့် အရည်အသွေးကောင်းရန် မျိုးကောင်းမျိုးသန့် အသုံးပြုရန် အရေးကြီးသည့်အချက်ကို အထူးသတိမူကြပြီး ဒေသအလိုက်တောင်သူများ ဈေးနှုန်းကောင်းကောင်းရရှိမည့် တွက်ခြေကိုက်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ရွေးချယ်စိုက်ပျိုးကြရန်နှင့် ကျေးရွာအလိုက်၊ မြို့နယ်အလိုက် မျိုးသန့်ဇုန်များ တိတိကျကျ အကွက်ချသတ်မှတ်ထူထောင်ပြီး တောင်သူများ၏လက်ဝယ်သို့ မျိုးကောင်း မျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းပေါ်တွင် ငွေကြေး အရင်းအနှီးတတ်နိုင်သော စိုက်ပျိုးရေးလုပ်ငန်းရှင်များ အပါအဝင် တောင်သူလယ်သမားများ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ပြောကြားလိုကြောင်း။

အခြားတစ်ဖက်မှာလည်း ဒေသတစ်ခုတွင်း စပါးအမျိုးမျိုး ရောနှော ယှက်တင်စိုက်ပျိုးခြင်းအားဖြင့် မျိုးကောင်းမျိုးသန့် အရည်အသွေးကို ပျက်စီးစေနိုင်ခြင်း၊ ထွက်ရှိလာသည့် စပါးကို ကြိတ်ခွဲရာတွင် အရည်အသွေးများ ကျဆင်းခြင်း၊ ကျိုးကျေလွယ်ခြင်း၊ ဈေးကွက်မဝင်ခြင်း၊ ဈေးကောင်း မရရှိနိုင်ခြင်း စသည်တို့ကို သတိပြုကြရန်လိုကြောင်း၊ "စပါးကောင်းမှ ဆန်ကောင်းရမည်။ ဆန်ကောင်းမှ ဈေးကောင်းရမည်ဖြစ်သည်"ကို သတိမူကြပါရန် အကြံပေးတင်ပြလိုကြောင်း။

မျိုးများရောထွေးနေသဖြင့် ဆန်အရည်အသွေးမမှန်ခြင်းကြောင့် စပါးကုန်သည်၊ ဆန်ကုန်သည်များ၏ ဝင်ငွေကျဆင်းပြီး ဈေးကွက်တွင် ဈေးနှိမ်ခံနေကြရသည့်အပြင် ပင်ပင်ပန်းပန်းစိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းချိန် ကျရောက်ချိန်တွင်မှ ရိတ်ချိန်လွန်နည်းပညာများကို သတိမူလိုက်နာကျင့်သုံးရန် အားနည်းနေသည့်အတွက် တောင်သူလယ်သမား အမှန်တကယ် စိုက်ပျိုးထွက်ရှိမည့်သီးနှံအပေါ်တွင် ၂၀ ရာခိုင်နှုန်းထက်မနည်း လေလွင့်ဆုံးရှုံးခြင်း၊ တန်ဖိုးဆုံးရှုံးခြင်း၊ ဝင်ငွေဆုံးရှုံးခြင်းများကိုလည်း သတိပြုကုစားပေးကြရန် လိုအပ်လျက်ရှိကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ အောင်မြင်စွာဖွင့်လှစ်နိုင်ပြီဖြစ်သော ကညင် ရေလှောင်တမံ ဆည်ရေသောက်စနစ်အား ရေရှည်တည်တံ့ခိုင်မြဲစွာဖြင့် တောင်သူများကို အကျိုးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်နှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝတွင် ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေး အမျိုးသားရေးတာဝန်အပေါ်တွင် နိုင်ငံနှင့်အဝှမ်း မှီတင်းနေထိုင်လျက်ရှိနေကြသော မိမိတို့အားလုံးတက်ညီလက်ညီဖြင့် စည်းစည်းရုံးရုံး ညီညီညွတ်ညွတ် လက်တွေ့ကြိုးပမ်း အကောင်အထည်ဖော်ကြခြင်းအားဖြင့် နိုင်ငံတော်ကြီးကို အဘက်ဘက်မှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်စေရန် အားလုံးပါဝင်ကြိုးပမ်းကြပါဟု တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ပြောကြားရာတွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ၏ ဘဝနှင့် ဝင်ငွေတိုးတက်စေမည့် နိုင်ငံတော်၏ ငွေကြေးအမြောက်အမြား ရင်းနှီးပြီး ပေါ်ပေါက်လာသည့် ကညင်ရေလှောင်တမံကို ရေရှည်သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားနိုင်အောင် ဆည်ရေကို တန်ဖိုးထားသုံးစွဲကြရန်၊ စနစ်တကျ သုံးစွဲရန် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း ဆည်/တာတမံဥပဒေများကို တိတိကျကျလိုက်နာကြရန် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်မှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကညင်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် အင်္ဂပူမြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား ဦးအောင်မျိုးဦးက ကညင်တမံတည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က ကညင်ရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကညင်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ကညင်တမံမှ ယခုနှစ် နွေစပါးဧက ၈၀၀၀ ပေးဝေမည်ဖြစ်ပြီး တောင်သူတစ်ဦးချင်းနှင့် ဧက ၃၅၀၀ ကို ပေးဝေရန် စီစဉ်ပြီးဖြစ်ကြောင်း၊ ရေပေးစနစ်အနေဖြင့် ပင်မမြောင်းလက်တံ ၅၈ မိုင်၊ လက်ဝဲ/လက်ယာ လက်တံရေပေးမြောင်း ၁၂၃ မိုင်ကို ဆောင်ရွက်အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရေအားလျှပ်စစ် ၂ ဒသမ ၅ မီဂါဝပ် နှစ်လုံးတပ်ဆင်၍ ဒေသအတွက် ကျေးလက်ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ထားကြောင်းသိရှိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကညင်ရေလှောင်တမံနှင့်ရေထိန်းမျှော်စင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကညင်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၉၄ ပေ၊ ပင်မတမံ ပေ ၃၇၅၀၊ ကုန်းကျောတမံပေ ၂၈၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၄၈၈၀၀၊ ၄ ပေ × ၆ ပေ ရေထုတ်ပြွန် သုံးခုနှင့် သံကူကွန်ကရစ် (OGEE TYPE) ဖြင့် တည်ဆောက်ကာ လယ်မြေဧက ၂၅၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။ အဆိုပါ ရေလှောင်တမံကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် တမံမြေကြီးလုပ်ငန်းဆောင်ရွက်ကာ ယနေ့တွင် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကညင်ဆည်ရေသောက် အင်္ဂပူမြို့နယ် ကျွဲဇင်းကျေးရွာ၌ ဆည်မြောင်းဦးစီးဌာနနှင့် ပူးပေါင်း၍ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး ဧက ၂၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့်ပျိုးထောင်၍ မျိုးစေ့ချအခမ်းအနားကို တက်ရောက်အားပေးကာ ကိုယ်တိုင်ပါဝင်မျိုးစေ့ချခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ စာမျက်နှာ ၅ မှ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အိုးအိမ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းတို့က ကျောင်းအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက ကျောင်းသား၊ ကျောင်းသူများ စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေး၊ ကျောင်းအဆောက်အအုံ အမြန်ပြန်လည် တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတထံ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းက ကျောင်းအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် အလှူငွေကျပ်သိန်း ၃၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

တာဝန်ယူမည်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပြီးစီးသည်အထိ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

များက ရည်ရွယ်ထားသည်။ အင်းဆက်များ၏ လှုပ်ရှားမှုမှ ထွက်ပေါ်လာသည့် စွမ်းအင်သည် ကိရိယာအမျိုးမျိုးအတွက် ဘက်ထရီသဖွယ် အသုံးဝင်လိမ့်မည်ဖြစ်ကြောင်း နည်းပညာသစ်ကို လေ့လာဖော်ထုတ်နေသူ သုတေသနပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

ကင်မရာငယ်များ၊ အာရုံခံကိရိယာငယ်များနှင့် ဆက်သွယ်ရေးကိရိယာများ တပ်ဆင်ပေးထားသော အင်းဆက်များကို ကယ်ဆယ်ရေးသမားများအတွက် အလွန်အန္တရာယ်များသော နေရာများသို့ စေလွှတ်ခြင်းဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများအား အထောက်အကူပေးနိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

Hybrid Insect ခေါ် အဆိုပါနည်းပညာကို အမေရိကန်ပြည်ထောင်စု မီချီဂန်တက္ကသိုလ်မှ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က လေ့လာစူးစမ်းလျက်ရှိပြီး အမေရိကန်ကာကွယ်ရေး နည်းပညာဆိုင်ရာ သုတေသနအေဂျင်စီက ရန်ပုံငွေထောက်ပံ့ပေးထားသည်။

အင်တာနက်။

သက်ကြီးဆရာဝန်များ လမ်းလျှောက်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ (SGED) မှ အသက် (၇၀)နှင့်အထက် ဆရာဝန်ကြီးများ လမ်းလျှောက်ပွဲကို ဇန်နဝါရီ ၇ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်ဆင်နွှဲလိုသော ဆရာဝန်ကြီးများသည် ဇန်နဝါရီ ၆ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ဖုန်း-၀၉-၇၃၀၂၈၁၈၆ နှင့် ၃၉၄၂၂၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀	၉။	"ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၀၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၁၅	၈။	(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅း၂၅	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၃၀)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	"သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည်မြန်မာပြည်" (ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်စစ်နှင့် ဒီမိုကရေစီနိုင်ငံတော်သစ်)
	၁၈။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၁၃)**
	၂၀။	**အိန္ဒိယရုပ်ရှင် "ချစ်သူနားခိုရာ"(အပိုင်း-၃)**
	၂၁။	အစီအစဉ်ပြီး၏။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း

အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာနက ကြီးမှူး ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ဘော်လီဘောကွင်း၌ ကျင်းပသည့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ရေဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြပွဲများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ကျင်းပသည့် အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရ မောင်သက်ထွန်းနိုင်(မွန်ပြည်နယ်)၊ ဒုတိယဆုရ မောင်မြင့်နိုင်(ရခိုင်ပြည်နယ်)နှင့် တတိယဆုရ မောင်ဆွေမျိုးဦး(မန္တလေးတိုင်းဒေသကြီး)တို့အား လည်းကောင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရ မသင်းမြတ်မွေး(ရှမ်းပြည်နယ်-ခ)၊ ဒုတိယဆုရ မယဉ်မိုးနွယ် (စစ်ကိုင်းတိုင်းဒေသကြီး)နှင့် တတိယဆုရ မဒေါရစ်ဗီဗီ (ကယားပြည်နယ်)တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖူဆယ်ဘောလုံးအားကစားခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘီလီယက်အားကစားခန်းမ၌ အဖွဲ့ချုပ် လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ Training Program များ ရေးဆွဲ၍ အပတ်စဉ်/လစဉ် စံချိန်ယူစစ်ဆေးခြင်းများ ပြုလုပ်ပေးရေး၊ လစဉ်ပြိုင်ပွဲများကျင်းပပေးရေး၊ အရည်အချင်းပြည့်ဝသည့် ပြည်ပနိုင်ငံသားနည်းပြများ ငှားရမ်းလေ့ကျင့်ရေး၊ ပြပြင်ရန်လိုအပ်သည့် ဘီလီယက်ခုံများကို အမြန်ဆုံးပြုပြင်ရေး၊ အားကစားသမားကောင်းများဖြစ်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် အိပ်ချိန်၊ စားချိန်၊ လေ့ကျင့်ချိန်များ တိကျမှန်ကန်ရေးနှင့် သတ်မှတ်စည်းကမ်းများ လိုက်နာရေးတို့ကိုမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝေလိုက်ဆည်သို့ရောက်ရှိကာ ပွဲကြည့်စင်တိုးချဲ့ဆောက်လုပ်နေမှု၊ တာလွှတ်မည့် နေရာရှိ အားကစားသမားများ နားနေဆောင် ဆောက်လုပ်ထားရှိမှုနှင့် လက်ရွေးစင်လှေလှော် အားကစားသမားများ၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ဥတ္တရသီရိမြို့နယ်ရှိ BMX စက်ဘီးပြိုင်ကွင်း၊ Mountain Bike စက်ဘီးပြိုင်ကွင်းနှင့် Down Hill စက်ဘီးပြိုင်ကွင်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ BMX စက်ဘီးသရုပ်ပြ စီးနင်းမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဘီလီယက်အားကစားခန်းမ၌ အဖွဲ့ချုပ် လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

စွန့်လွှတ်စွန့်စားရဲသော နေမည်သူများ

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုတွင် မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအပါအဝင် ရပ်ကွက်နေပြည်သူ ၁၇ ဦးသေဆုံးခဲ့ပြီး ၈၃ ဦးဒဏ်ရာရရှိသွားခဲ့သည်။ အနီးကပ်မီးငြိမ်းသတ်နေသော မီးသတ်ယာဉ်လေးစီးပျက်စီးပြီး ဂိုဒေါင်များ၊ လူနေအိမ်များ၊ တန်းလျားများ၊ ဘုန်းတော်ကြီးကျောင်းများ ပြိုကျပျက်စီးမှုရှိခဲ့ကြောင်းကို သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါမီးလောင်မှုသည် ညအချိန်လောင်ကျွမ်းခြင်း၊ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများရှိခြင်း၊ လူနေရပ်ကွက်အတွင်းဖြစ်ခြင်းတို့ကြောင့် အပျက်အစီးနှင့် သေဆုံးမှုများခဲ့သည်။ မီးလောင်မှုဖြစ်စဉ်တွင် ပါဝင်ကူညီဆောင်ရွက်ကြသူများအားလုံးသည် ဂုဏ်ပြုထိုက်သူများဖြစ်ပါသည်။ မီးသတ်တပ်ဖွဲ့ဝင်ငါးဦးမှာ အသက်ပေးစွန့်လွှတ်သူများဖြစ်သဖြင့် ဂုဏ်ပြုချီးကျူးထိုက်သကဲ့သို့ အသက်မသေ ရှင်ကျန်ရစ်သူ ဒဏ်ရာရမီးသတ်တပ်ဖွဲ့ဝင် ၃၃ ဦးနှင့် ကျန်သူများအားလုံးမှာလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်သူများဖြစ်ပါသည်။

ထိုမှတ်တမ်းတင်ထိုက်သူများ၏ အခြေအနေများကို လေ့လာမှတ်သားစေဖို့ ကြည့်ရာ မီးလောင်မှုစတင်ဖြစ်ပွားကြောင်း သတင်းစတင်ရရှိသည်နှင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှူး ဦးကြည်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ထိုနေရာသို့ ဦးစွာရောက်ရှိသော မီးသတ်တပ်ဖွဲ့မှာ အနီးဆုံးစခန်းဖြစ်သည့် တာမွေမီးသတ်နှင့် ဒေါပုံမီးသတ်တို့ဖြစ်ပါသည်။ အနီးကပ်ဆင်နွှဲနေသော တာမွေမီးသတ်မှာ အသေအပျောက်အများဆုံးဖြစ်ခဲ့ပါသည်။

မီးလောင်ပြင်တွင် ပေါက်ကွဲသံ၊ လောင်ကျွမ်းသံ၊ အော်ဟစ်သံ၊ ဆူညံသံ၊ ညည်းညူသံများမှာ ဆူပွက်လျက်ရှိရာ တဒင်္ဂရဲပြည်တမျှပင်ဖြစ်ပါသည်။ မီးတောက်မီးလျှံများ၊ အပျက်အစီးများကြား၌ မီးငြိမ်းသတ်မှုကို အပြေးအလွှားညွှန်ကြားမှုပြုနေသော တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးမှာလည်း မီးသတ်တပ်ဖွဲ့ဝင်များနှင့် တစ်သားတည်း လှုပ်ရှားခဲ့ပါသည်။ များမကြာမီ ကြီးမားပြင်းထန်သော ပေါက်ကွဲသံကြီး ဖြစ်ပေါ်ပြီးနောက် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးမှာ အကြားသေဆုံးဒဏ်ရာရ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများအား ပို့ဆောင်ပေးပြီးနောက်မှ ဆေးရုံသို့ ရောက်ရှိခဲ့ပါသည်။

ဦးကြည်ဝင်းသည် ဒဏ်ရာများဖြင့် အကြားအာရုံထိခိုက်ခဲ့ရသည်။ မီးလောင်ပြင်၌ ဒဏ်ရာရနေစဉ် ဆေးရုံသို့ အရောက်မသွားသေးဘဲ ဒဏ်ရာရတပ်ဖွဲ့ဝင်များအား ဆေးရုံသို့ပို့ရန်ညွှန်ကြားမှုများ ပြုလုပ်ရှိခဲ့သည်။ မီးငြိမ်းသတ်နိုင်ရန် ညွှန်ကြားမှုပြုနေဆဲရှိသေးသည်။ နောက်ဆုံးလူကုန်မှ ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ရသည်။ ဆေးရုံတွင်လည်း မီးငြိမ်းပြီလား၊ မီးလင်းပြီလားဟု တတွတ်တွတ်ပြောဆိုနေခဲ့ရာ ကယောင်ကတမ်းပြောဟန်မတူဘဲ စေတနာအပြည့်၊ တာဝန်သိစိတ်အပြည့်ဖြင့် ရင်တွင်းမှထွက်ပေါ်သံများသာဖြစ်သည်။

ဦးကြည်ဝင်းနည်းတူ ဆေးရုံပေါ်သို့ ဒဏ်ရာအပြည့်ဖြင့်ရောက်ရှိနေသော မီးသတ်တပ်ဖွဲ့ဝင်ဒုတပ်ကြပ်သီဟမျိုးမှာလည်း ၁၀ နာရီကျော်ကြာ သတိလစ်မေ့မြောနေရာမှ နောက်တစ်နေ့ညနေ ၃ နာရီ မိနစ် ၂၀ ခန့်အချိန်တွင် အရေးပေါ်ခွဲစိတ်မှုပြုလုပ်ပြီးနောက် တဆတ်ဆတ်တုန်နေသည့်ကြားမှပင် မီးငြိမ်းပြီလား၊ မီးလင်းပြီလားဟုပင် ဆိုခဲ့ပြန်ပါသည်။ အခြားဒဏ်ရာရမီးသတ်တပ်ဖွဲ့ဝင်များသည်လည်း ဒဏ်ရာများရထားလျက်နှင့်ပင် မီးငြိမ်းသတ်ရေးကို စွဲလမ်းနေကြပါသည်။

မြန်မာနိုင်ငံသား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှုများမှာ စွန့်လွှတ်မှု၊ စေတနာထားမှု၊ တာဝန်သိမှုများဖြင့် နိုင်ငံ၏အကျိုး၊ ပြည်သူ၏အကျိုးများကို ဂုဏ်ယူဝင့်ကြွားဖွယ် ဆက်လက်ထမ်းဆောင်နေဦးမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပါသည်။ (ကြေးမုံ)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ALL Star လက်ရွေးစင် အမျိုးသားဘောလုံးအသင်းများနှင့် အမျိုးသမီးဘောလုံးအသင်းများက စွမ်းရည်ပြယှဉ်ပြိုင်ကစားကြသည်။

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ရေဝတီတိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဆုများပေးအပ်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး(ခ)အသင်းနှင့် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး (က)အသင်းတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက အမျိုးသမီးဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်အသင်းနှင့် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်(ခ) အသင်းတို့အား လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ရေဝတီတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်(က) အသင်းတို့အား လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီး အသင်းတို့အားလည်းကောင်း အားကစားပြိုင်ပွဲများ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက အားကစားပြိုင်ပွဲများအလိုက် ပထမဆုရ အမျိုးသား၊ အမျိုးသမီးအသင်းများအားလည်းကောင်း တံခွန်စိုက်ဆုဖလားနှင့် ဆုတံဆိပ်များကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် ပြိုင်ပွဲဝင် အားကစားအဖွဲ့များ၏ "သွေးချင်းတို့ရေ နှုတ်ဆက်ပြီ" သီချင်းဖြင့် နှုတ်ဆက်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ အားကစားနည်း ၁၅ မျိုးကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ အားကစားသမား ၃၀၆၄ ဦးတို့က အားကစားစိတ်ဓာတ် အပြည့်ဖြင့်ရင်းနှီးချစ်ကြည်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

The Excellent Yangon Expo 2012 ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

The Excellent Yangon Expo 2012 with Mobile & IT Zone ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ အနော်ရထာစီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဒေါ်ခင်နှင်းဆီနှင့် Great Father Land Construction & Decoration Co., Ltd. ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပြပွဲကို ဇန်နဝါရီ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသသွားမည်ဖြစ်သည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ Orchid Hotel ရှေ့၌ ကျင်းပသော Orchid Junction ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် နှင့် တာဝန်ရှိသူတို့က The Excellent Yangon Expo 2012 with Mobile & IT Zone ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့တော်စည်ပင်)

မီး ရပ်ရွာ ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။ မီးသတ်ဦးစီးဌာန



(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးနေ့နှင့် ပ

ဇန်နဝါရီ၏ နှင်းပွင့်များနှင့်အတူ နိုင်ငံနှင့် ပြည်သူ၏ အထူးအရေးကြီး နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့သို့ ရောက်ခဲ့ပြန်လေပြီ။

လွတ်လပ်ရေးသည် နိုင်ငံနှင့် ပြည်သူအတွက် တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးအနဂ္ဃထိုက်တန်၏။ အသက်သွေးကြောပမာလည်းဖြစ်၏။ မည်သည့်နည်းနှင့်မျှ မည်သို့သော အကြောင်းကြောင့်မျှ အဆုံးရှုံးခံ၍ မရစကောင်းသောအရာလည်း ဖြစ်၏။ ထို့ကြောင့် ကမ္ဘာတည်သရွေ့ နိုင်ငံတည်အောင်၊ နိုင်ငံတည်သရွေ့ လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန် ပြည်သူတိုင်းတွင် တာဝန်ရှိသည်ကို မမေ့အပ်ပေ။

လွတ်လပ်ရေးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးနှင့် ဆိုင်၏။ အတိတ်ကာလက လွတ်လပ်ရေးရအောင် အသက်သွေးချွေးပေါင်းမြောက်မြားစွာ ရင်းနှီးပေးဆပ်၍ ကြိုးပမ်းရယူခဲ့ရ၏။ ပစ္စုပ္ပန်၌ ခိုင်မြဲဖွံ့ဖြိုးစည်ပင်အောင် ကြိုးပမ်းတည်ဆောက်ရ၏။ အနာဂတ်ဝယ် ရေရှည်အဓွန့်ရှည်တည်တံ့ရှင်သန်နိုင်အောင် ဆက်ခံထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်၏။

ကာလသုံးပါးဝယ် ပစ္စုပ္ပန်သည် အရေးအကြီးဆုံးဖြစ်၏။ လက်ရှိပစ္စုပ္ပန်ကာလတွင် နိုင်ငံကို ခိုင်မြဲဖွံ့ဖြိုးစည်ပင်အောင် ကြိုးပမ်းတည်ဆောက်ရေးသည် အရေးအကြီးဆုံးဖြစ်၏။ ထို့ကြောင့် ယနေ့ နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံး ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းမြှင့်တင် တည်ဆောက်ဖော်ဆောင်နေသမျှသည် ပစ္စုပ္ပန်၌ ခိုင်မြဲဖွံ့ဖြိုးစည်ပင်အောင် ကြိုးပမ်းတည်ဆောက်ရင်း အနာဂတ်ဝယ် ရေရှည် အဓွန့်ရှည်တည်တံ့ရှင်သန်နိုင်အောင် ဆက်ခံထိန်းသိမ်းစောင့်ရှောက်ခြင်း မည်ပေ၏။

ယနေ့ မိမိတို့နိုင်ငံသည် အခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်ကို ရည်မှန်းတည်ဆောက်ဖော်ဆောင်လျက်ရှိ၏။ ဒီမိုကရေစီနည်းလမ်းတကျ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော အစိုးရအဖွဲ့သစ်အနေဖြင့်လည်း ပြည်သူများလိုလားသည့် ပြုပြင်ပြောင်းလဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၏။

ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ ဥပဒေပိုင်းဆိုင်ရာ၌ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းနှင့် ဥပဒေဟောင်းများကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်းအပါအဝင် ဥပဒေပေါင်း(၁၅)ခုကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီးဖြစ်၏။ ဆက်လက်၍လည်း ဥပဒေဆိုင်ရာကိစ္စများကို အသစ်ပြဋ္ဌာန်းခြင်းဖြစ်စေ၊ ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်စေ၊ ခေတ်စနစ်လိုလားချက်နှင့်အညီ ပြဋ္ဌာန်းပေးနိုင်ရန် အစီအစဉ်တကျ ဆောင်ရွက်လျက်ရှိ၏။ ဤသို့ ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး စသည့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ ၁၉-၁၁-၂၀၁၁ ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ Nikko Bali Hotel and Resort ၌ တွေ့ဆုံစဉ်။

ကဏ္ဍအသီးသီးတွင် ယခင်ကထက် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်များ ရရှိနေကြပေပြီ။

ထိုနည်းတူ အုပ်ချုပ်ရေးပိုင်း၌လည်း ပြည်သူ၏ အကျိုးစီးပွားကို ဦးထိပ်ထားသည့် Good Governance၊ Clean Government ဖြစ်လာအောင် တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်လျက်ရှိ၏။ အုပ်ချုပ်ရေးကဏ္ဍသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ရသည်ဖြစ်ရာ ပြည်သူကိုအလေးထားပြီး ပွင့်လင်းညင်သာသည့်အဆင့်သို့ ရောက်အောင် မျှော်မှန်းတည်ဆောက်လျက်ရှိ၏။ အလားတူ တရားစီရင်ရေးအပိုင်းတွင်လည်း ဥပဒေနှင့်အညီ ပိုမိုတိကျမှန်ကန်မှုရှိအောင် အဘက်ဘက်မှ ပြောင်းလဲဆောင်ရွက်နေသည်ကို တွေ့နိုင်ပါ၏။

ပြည်သူများ၏ လူ့အခွင့်အရေးကို ထိရောက်စွာကာကွယ်မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်၏။ လူအများ ယုံကြည်ကိုးစားသည့် အလွှာပေါင်းစုံမှ ကျွမ်းကျင်သူပညာရှင်များဖြင့် လွတ်လပ်စွာဖွဲ့စည်းထားသည့် ကော်မရှင်ဖြစ်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၊ ဒေသတွင်း အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့်

ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပေရ
လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းဂ
တင်နိုင်တော့မည်ဖြစ်၏။

တစ်ဖက်ကလည်း တည်ဆဲဥပဒေ
သည့်အတွက် အကျဉ်းကျခံနေရသူမ
နှစ်ကြိမ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ အကျဉ်းသ
ကျေးဇူးခံစားခဲ့ကြရပြီးဖြစ်၏။ ထိုအက
နိုင်ငံတော်သစ်တည်ဆောက်ရေးတွင်
ပါဝင်ခွင့်ရခဲ့ကြပြီဖြစ်သည့်အပြင် သေ
လျှော့ပေါ့ခံစားရသူ၊ သာမန်ရရှိပြီး
လျှော့ပေါ့ခံစားခွင့်ရရှိသူများလည်း
ကာယကံရှင်များအတွက်ရော၊ ဆ
ဆွေမျိုးသားချင်းများအတွက်ပါ အ
တစ်ရပ်ဖြစ်၏။

**အေးချမ်းတည်ငြိမ်ရေးနှင့် စပ်လ
ကိုင်များနှင့် ငြိမ်းချမ်းရေးရရှိအောင် ကြ
ထာဝရ ငြိမ်းချမ်းရေးရရှိနိုင်ရေးအတွ
တရား အတိတ်သမိုင်းအစဉ်အလာမ
မတူသည့် နည်းဗျူဟာများချမှတ်ကြ
အပြင် တိုင်းရင်းသားအဖွဲ့များ၏ အမြ
အလေးထားစဉ်းစားဆောင်ရွက်ပေး
ရေး မရယူနိုင်သေးသည့် အကြီးအ
လက်နက်ကိုင် ၁၀ ဖွဲ့ရှိသည့်အနက်
အဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုး
ဆက်လက်ဆွေးနွေးနေလေပြီ။ အခြ
အဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုး**

နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသော အကျဉ်းသားများကို တွေ့ရစဉ်။

**ကာလသုံးပါးဝယ် ပစ္စုပ္ပန်သည် အရေး
လက်ရှိပစ္စုပ္ပန်ကာလတွင် နိုင်ငံကို ခိုင်မြဲဖွံ့
ကြိုးပမ်းတည်ဆောက်ရေးသည် အရေး
ထို့ကြောင့် ယနေ့ နိုင်ငံတော်အစိုးရနှင့် ပြည်သူ
လက်တွဲပြီး ကြိုးပမ်းမြှင့်တင် တည်ဆောက်
သည် ပစ္စုပ္ပန်၌ ခိုင်မြဲဖွံ့ဖြိုးစည်ပင်အောင် ကြိ
ရင်း အနာဂတ်ဝယ် ရေရှည်အဓွန့်ရှည်တည်တံ
ဆက်ခံထိန်းသိမ်းစောင့်ရှောက်ခြင်း မည်ပေ၏**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

မျိုးချစ်စိတ်ဓာတ်နှင့် လွတ်လပ်ရေး

❖ နိုင်ငံတစ်ခု၊ "လွတ်လပ်မှု" ကို
ပြည်သူ့အတွက်၊ ယုံကြည်ချက်ဖြင့်
အသက်, ခန္ဓာ၊ စွန့်လွှတ်ပါသော
စာနာမှုမျိုး၊ ရင်၌ပျိုးလျက်
"မျိုးချစ်စိတ်ဓာတ်"၊ ဇာတိမြတ်အား
ပြက်ပြက်ထင်ထင်၊ ကမ္ပည်းတင်သော်
အစဉ်မနေး၊ "လွတ်လပ်ရေး" သည်
ကမ္ဘာတည်ကြောင်း၊ သမိုင်းကြောင်း၌
မီးမောင်းထိုးပြ၊ ခံ့ထည်လှသည့်
မြန်မာ့လွတ်လပ်ရေးဖြစ်ပါသည်။
တစ်ကိုးလေးရှစ်ဇန်နဝါရီ။
မြင့်မြတ်ခိုင်ကျည်လေးရက်ဆီ။
ခြောက်ဆယ့်လေးနှစ်တိုင်ခဲ့ပြီ . . .။

❖ ခြောက်ဆယ့်လေးနှစ်၊ တိုင်ပြီဖြစ်လည်း
ချစ်သောပြည်သူ၊ များပိုလ်လူနှင့်
ကြည်ဖြူပေါင်းစု၊ ပြည်ထောင်စုဖွား
ညီ, နောင်များလျှင်၊ သမိုင်းစဉ်၌
ခေတ်စဉ်မပျက်၊ ချစ်ကြင်လျက်နှင့်၊
ဆယ်သက်မယွင်း၊ တွယ်မက်ခြင်းနှင့်၊
ချစ်ခြင်းတရား၊ ချစ်ခြင်းများနှင့်၊
ဒို့များနေထိုင်၊ ဒို့ပိုင်ဆိုင်သည့်
ဒို့နိုင်ငံမြေ၊ အမိမြေကို
တစ်ပေ, တစ်လက်မ၊ မကျူးကြနှင့်၊
မြန်မာ့အားမာန်၊ ဇာတိမာန်နှင့်၊
နိုင်ငံ, လူထု၊ ညီညွတ်မှုနှင့်၊
ပြည်သူ့အတွက်၊ ယုံကြည်ချက်နှင့်၊
တွဲလက်ခိုင်စွာ၊ ဖြတ်သန်းလာခဲ့
ရှည်ကြာနှစ်ပေါင်း၊ ရာ, ထောင်, သောင်းတိုင်
မော်ကွန်းခိုင်ကျည်၊ ကမ္ဘာတည်မည့်
မြန်မာပြည်၏ လွတ်လပ်ရေး။
ဥမကွဲသိုက်မပျက်နေထိုင်ရေး။
မျိုးချစ်စိတ်ဓာတ်မွေးမြူပေး။
ပြည်ထောင်စုအတွက် အသက်သွေး . . .။

မြင့်မိုရ်ဦး(ပဲခူး)

...ရေးနေ့နှင့် ပစ္စုပ္ပန်တာဝန်

ကျော်ရဲမင်း

ရေး
င်ဒို
and

ပေါင်

မ္ဘားကို
ment
ပ်ချုပ်
ည်သူ
အောင်
အပိုင်း
တက်မှ

ုင့်တင်
ာ်မရှင်
အလွှာ
းထား
ဒေသ
န်းနှင့်

ငြိမ်း
ာက်
းကို

ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပေရာ အနာဂတ်နိုင်ငံနှင့် ပြည်သူ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းကောင်းများကို ကမ္ဘာ့ည်းမော်ကွန်းတင်နိုင်တော့မည်ဖြစ်၏။

တစ်ဖက်ကလည်း တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် အကျဉ်းကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ အကျဉ်းသားပေါင်း ၂၀၀၀၀ ကျော် အကျိုးကျေးဇူးခံစားခဲ့ကြရပြီးဖြစ်၏။ ထိုအကျဉ်းသား ၂၀၀၀၀ ကျော်သည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရခဲ့ကြပြီဖြစ်သည့်အပြင် သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ လျှော့ပေါ့ခံစားရသူ၊ သာမန်ရရှိပြီး လျှော့ရက်အပြင် တစ်နှစ်ထပ်မံ လျှော့ပေါ့ခံစားခွင့်ရရှိသူများလည်း ၄၀၀၀၀ ကျော်ခန့် ရှိခဲ့၏။ ကာယကံရှင်များအတွက်ရော၊ ဆက်စပ်ပတ်သက်သည့် မိသားစု ဆွေမျိုးသားချင်းများအတွက်ပါ အရေးကြီးသည့် အလှည့်အပြောင်းတစ်ရပ်ဖြစ်၏။

အေးချမ်းတည်ငြိမ်ရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိ၏။ ထာဝရ ငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် ယနေ့နိုင်ငံ၏ ပကတိအရှိတရား အတိတ်သမိုင်းအစဉ်အလာများအပေါ် မူတည်ပြီး ယခင်နှင့်မတူသည့် နည်းဗျူဟာများချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းရင်းသားအဖွဲ့များ၏ အမြင်ကွာဟချက်များအပေါ်၌လည်း အလေးထားစဉ်းစားဆောင်ရွက်ပေးလျက်ရှိ၏။ ယနေ့တိုင် ငြိမ်းချမ်းရေး မရယူနိုင်သေးသည့် အကြီးအသေး ကြွင်းကျန်တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့ရှိသည့်အနက် ယခုအခါ နှစ်ဖွဲ့သည် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ပြီး ပြည်ထောင်စုအဆင့်နှင့် ဆက်လက်ဆွေးနွေးနေလေပြီ။ အခြား နှစ်ဖွဲ့သည်လည်း ပြည်နယ်အဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ပြီး ပြည်ထောင်စုအဆင့်နှင့် ဆွေးနွေးနိုင်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်၏။ ကျန်ခြောက်ဖွဲ့နှင့်လည်း ထိတွေ့ဆွေးနွေးမှုများ ဆောင်ရွက်နေပြီဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် မဝေးတော့ပေ။ အလားတူ ပြည်တွင်း၊ ပြည်ပနိုင်ငံရေးတည်ငြိမ်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများ တည်ဆောက်ပြီး Win-Win Solution ဖြစ်လာအောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်ကိုလည်း တွေ့မြင်နိုင်ပေ၏။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း လူမှုရေး၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမြှင့်တင်မှုများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိ၏။ အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံ၏ စီးပွားရေးအဆောက်အအုံတစ်ခုလုံး ပြောင်းလဲတိုးတက်စေရန်အတွက် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်သည်များကို အရှိန်အဟုန်ဖြင့် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိ၏။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ရန် ရေခံမြေခံပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာအောင် ပြုပြင်ဖော်ဆောင်ပေးလျက်ရှိ၏။ လက်ရှိရင်းနှီးမြှုပ်နှံမှုဥပဒေများကို ပြင်ဆင်ပြောင်းလဲ ဖြေလျှော့ပေးခြင်း၊ အခွန်အကောက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လွယ်ကူအဆင်ပြေအောင် ပြင်ဆင်ပေး ခြင်းများ ဆောင်ရွက်လျက်ရှိ၏။ ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူရေနက် ဆိပ်ကမ်းအထူးစီးပွားရေးဇုန်နှင့် သီလဝါ အထူးစီးပွားရေးဇုန်တို့ကို ဖော်ဆောင်ပြီး FDI များကို ဆွဲဆောင်နိုင်မည့် ပြဋ္ဌာန်းချက်များဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိ၏။ ထို့ကြောင့်လည်း ယနေ့အခါ၌ ဥရောပ၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယနိုင်ငံများမှ FDI များ အရှိန်အဟုန်နှင့် ဝင်ရောက်ရန် တာစူနေကြပေပြီ။ FDI များနှင့်အတူ ပြည်တွင်းစီးပွားရေး အခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာမည်ဖြစ်ရာ ပြည်ပသို့ တရားမဝင် အလုပ်သမားများအဖြစ် သွားရောက် လုပ်ကိုင်နေရသည့် အခက်အခဲကို အောင်မြင်စွာ ကျော်လွှားနိုင်ပေတော့မည်။

အလားတူ ပို့ကုန်သွင်းကုန် ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်လျင်မြန်ချောမွေ့လာစေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် အခွန်အကောက်များဆိုင်ရာများကိုလည်း ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ၏။ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ပိုမိုချောမွေ့လျင်မြန်ဖွံ့ဖြိုးလာသည်နှင့် အမျှ နိုင်ငံ့စီးပွား၊ ပြည်သူ့စီးပွား ဖွံ့ဖြိုးလာမည်ဖြစ်ပါ၏။

အလားတူ ခေတ်စနစ်နှင့် မလျော်ညီတော့သည့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာ၊ နိုင်ငံရေးပင်စာ လစာများကိုလည်း ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီးဖြစ်၏။ ပင်စင်ခံစားခွင့်တိုးမြှင့်မှုကြောင့် နိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၈၁၅၀၀၀ ကျော်နှင့် ၎င်းတို့၏သားသမီး၊ မိသားစုများ၊ ဆွေမျိုးသားချင်းများအားလုံး ပျော်မဆုံးမော်မဆုံးရှိခဲ့ကြ၏။ တစ်ချိန်က ပင်စင်လစာကလေးဖြင့် ချို့ချို့တဲ့တဲ့ ရပ်တည်နေခဲ့ကြရသည့် အခြေအနေမှ ယခုအခါ တိုးမြှင့်ပေးလိုက်သည့် ပင်စင်လစာများကြောင့် စားနိုင်နေနိုင်၊ လျှာတန်းနိုင်သည့် ကျေနပ်နှစ်သိမ့်ပျော်ရွှင်ဖွယ်ဘဝကို ပိုင်ဆိုင်နိုင်ကြပြီဖြစ်ပါ၏။

ထို့ပြင် ပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟူသည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း နိုင်ငံတစ်ဝန်းလုံး၌ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၏။ **ယခင် ၂၀၀၅ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံ၏ ဆင်းရဲ နွမ်းပါးမှုရာခိုင်နှုန်းသည် ၃၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ပြီးဖြစ်ရာ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိ၏။ ထို့ကြောင့်လည်း နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဝန်းကျင်ဖြစ်သည့် ကျေးလက်ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်ကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ကာလသတ်မှတ်ပြီး လုပ်ငန်းကဏ္ဍ(၈)ရပ်ချမှတ်ကာ ကျယ်ကျယ်ပြန့်ပြန့်စတင်ဆောင်ရွက်နေပြီဖြစ်ပေ၏။ တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ ခုတို့၌ အောက်ခြေအထိဆင်းပြီး ကျေးလက်ပြည်သူများနှင့် ပူးပေါင်းလျက် လက်တွေ့ထိရောက်အောင်မြင်အောင် ဆောင်ရွက်နေပြီ ဖြစ်၏။ အဆိုပါ လုပ်ငန်းစဉ်နှင့် စပ်လျဉ်းပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဥပဒေပြဋ္ဌာန်းနိုင်ရန်လည်း ဆောင်ရွက်နေကြောင်း သိရှိရ၏။**

တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်အခက်အခဲ၊ ထုတ်လုပ်မှုစရိတ် မကာမိသည့်အခက်အခဲ၊ သီးနှံများဈေးနှိမ်ခံရသည့်အခက်အခဲများမှ လွတ်ကင်းစေရန်လည်း အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းပြီး ကူညီပံ့ပိုးမှုများ စတင်ဆောင်ရွက်ပေးလျက်ရှိ၏။ ထို့ပြင် နိုင်ငံတော်မှ လုပ်ပိုင်ခွင့်ပေးထားသည့် လယ်မြေများကို ဥပဒေနှင့်အညီ စိတ်ချလက်ချဖြင့် သားစဉ်မြေးဆက်တိုင် စိုက်ပျိုးထုတ်လုပ်နိုင်အောင် အစီအမံများ ဆောင်ရွက်ပေးသွားမည်ဖြစ်၏။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့❖

...းဝယ် ပစ္စုပ္ပန်သည် အရေးအကြီးဆုံးဖြစ်၏။ ...ကာလတွင် နိုင်ငံကို ခိုင်မြဲဖွံ့ဖြိုးစည်ပင်အောင် ...ဆောက်ရေးသည် အရေးအကြီးဆုံးဖြစ်၏။ ...နေ့ နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံး ပူးပေါင်း ...ုးပမ်းမြှင့်တင် တည်ဆောက်ဖော်ဆောင်နေသမျှ ... ခိုင်မြဲဖွံ့ဖြိုးစည်ပင်အောင် ကြိုးပမ်းတည်ဆောက် ...ယ် ရေရှည်အမွန့်ရှည်တည်တံ့ရှင်သန်နိုင်အောင် ...မ်းစောင့်ရှောက်ခြင်း မည်ပေ၏။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

★ **ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး။**

★ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စစည်းထိန်းသိမ်းကာကွယ်ရေး။**

★ **ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။**

★ **မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေ စိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

❖ စာမျက်နှာ ၉ မှ

နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန်မှာ စက်မှုနိုင်ငံအဖြစ်သို့ မဖြစ်မနေ ပြောင်းလဲထူထောင်ရပေမည်။ စက်မှုနိုင်ငံထူထောင်ရေးအတွက် အဓိကအသက်သွေးကြောမှာ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးပင်ဖြစ်၏။ ထို့ကြောင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းပမာဏပေါ်မူတည်ပြီး ရင်းနှီးမြှုပ်နှံမှု အဆင်ပြေ လွယ်ကူစေမည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်သတ်မှတ်နိုင်ရေးကိုလည်း ဆောင်ရွက်နေပြီဖြစ်၏။

နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားအပါအဝင် စီးပွားရေးမူဝါဒများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ခေတ်၊ စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲ ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ပေါ်ထွက်လာသည့် အကြံပြုချက်၊ ရလဒ်များကို စနစ်တကျ လေ့လာသုံးသပ်ကာ နိုင်ငံတကာ ဘဏ္ဍာရေး အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်လျက်ရှိ၏။ နိုင်ငံနှင့် ပြည်သူ၏ နေ့စဉ်လူမှုစီးပွားဘဝများကို ရေတို၊ ရေရှည် ထိခိုက်နစ်နာမှုမရှိစေရေးအတွက် သတိရှိရှိဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကိုလည်း အထင်အရှားတွေ့မြင်နိုင်ပါ၏။

လက်ရှိအခြေအနေတွင် အစိုးရအဖွဲ့သစ်သည် ပြည်သူများ၏ ထောက်ခံအားပေးမှုကိုရယူလျက် နိုင်ငံတကာစီးပွားရေး၊ ငွေကြေး၊ ပြည်တွင်းစီးပွားရေးအခြေအနေများနှင့်အညီ တစ်မျိုးသားလုံး အကျိုးစီးပွားအတွက် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ၏။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်း တရားသဖြင့် ယှဉ်ပြိုင်နိုင်ရေး၊ လူတိုင်းတန်းတူရည်တူ အခွင့်အလမ်းများရရှိရေး၊ မလိုအပ်သော အပိုကုန်ကျစရိတ် Transactional Cost များ လျော့နည်းကျဆင်းရေး၊ ကြိုးနီစနစ်များ ရှင်းလင်းဖယ်ရှားရေး၊ ဈေးကွက်စီးပွားရေးယန္တရားများ အသက်ဝင်ရှင်သန်ခိုင်မာရေး၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို အခြေခံသည့် လုပ်ထုံးလုပ်နည်းများ ပြောင်းလဲကျင့်သုံးရေးကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါ၏။

နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်တွင် Key Driver များ ဖြစ်ကြသည့် ပုဂ္ဂလိကကဏ္ဍဦးဆောင်အသင်းအဖွဲ့များကိုလည်း အပြန်အလှန် ပံ့ပိုးကူညီလျက် Public-Private Partnership လမ်းကြောင်းကို ခိုင်မာသည်ထက်ခိုင်မာအောင် ပုံဖော်တည်ဆောက်လျက်ရှိ၏။ ထို့ပြင် ခိုင်မာသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေး၊ နိုင်ငံတော်၏ အမျိုးသားကုန်ထုတ်စွမ်းရည်တိုးတက်မြင့်မားရေး၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်နိုင်မှုဝန်းကျင်တွင် အရည်အသွေးနှင့် စံချိန်စံညွှန်းမြင့်မားသည့် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်တွန်းအားပေး ဆောင်ရွက်လျက်ရှိ၏။

တစ်ဖက်ကလည်း နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ဆောင်ပေးနိုင်ရေး၊ လယ်ယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့်ဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးကာကွယ်စောင့်ရှောက်မှုများကို ခေတ်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေး၊ သတင်းမီဒီယာများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် လုပ်ငန်းစဉ်များ၌ နိုင်ငံတော်၏ ပကတိအခြေအနေမှန်နှင့်အညီ ဥပဒေများ ပြဋ္ဌာန်းပြုပြင်ဆောင်ရွက်နိုင်ရေးကိုလည်း အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိပါ၏။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို တွေ့ရစဉ်။

ယခုအခါ မြန်မာနိုင်ငံသည် ခေတ်သစ်၊ စနစ်သစ်တစ်ခုသို့ ဝင်ရောက်နေပြီဖြစ်၏။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမျိုးသားရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို အစိုးရနှင့်ပြည်သူ လက်တွဲ၍ပူးပေါင်းဖော်ဆောင်တည်ဆောက်နေကြပြီဖြစ်၏။ ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် လိုက်လျောညီထွေ ပန်းတင့်စေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲတိုးတက်မှုများကိုလည်း ယခင်ကထက် ပိုမိုထင်ရှားစွာ လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်လာကြပြီဖြစ်၏။ အထူးသဖြင့် နိုင်ငံနှင့် ပြည်သူအားလုံးသည်အချိန်နှင့်အမျှ ပြောင်းလဲမှုကို ဖော်ဆောင်နေကြပြီး ၎င်းပြောင်းလဲမှုများသည်လည်း အမှန်အကန်တိုးတက်မှုများပင် ဖြစ်ပါ၏။

သို့သော် အသွင်ကူးပြောင်းရေးကာလမည်သည် စိန်ခေါ်မှုများနှင့် လွတ်ကင်းရိုးထုံးစံ မရှိပေ။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၌လည်း စိန်ခေါ်မှုများကို မလွှဲမရှောင်သာ ရင်ဆိုင်ဖြေရှင်းကျော်လွှားကြရမည်ဖြစ်၏။ အချို့ကို ကျော်လွှားခဲ့ပြီး အချို့ကို လက်ရှိ ကျော်လွှားနေဆဲ၊ နောင်တွင်လည်း ရင်ဆိုင်ဖြေရှင်းကျော်လွှားကြရဦးမည်သာ။ သို့သော် စိန်ခေါ်မှုများရှိသကဲ့သို့ အခွင့်အလမ်းကောင်းများလည်း ရှိနေသည်ကို မမေ့အပ်။ စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး အခွင့်အလမ်းကောင်းများကို အရအမိဆုပ်ကိုင်ရန် အရေးကြီး၏။

စင်စစ် မိမိတို့နိုင်ငံတွင် ပြည်သူတစ်ရပ်လုံး တစ်ခဲနက်ထောက်ခံအတည်ပြုပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိပြီးဖြစ်၏။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် အစိုးရအဖွဲ့ရှိနေပြီ။ အပြန်အလှန်ထိန်းကျောင်းရေး မဏ္ဍိုင်ဖြစ်သည့် လွှတ်တော်အရပ်ရပ်လည်းရှိနေပြီ။ အလားတူ တရားစီရင်ရေးမဏ္ဍိုင်လည်း သီးခြားတည်ရှိနေပြီ။ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာများလည်း တဖြည်းဖြည်းချင်း ရင့်ကျက်ဖွံ့ဖြိုးလာနေပြီဖြစ်၏။ ဤသို့သော အခြေအနေမျိုးတွင် ညီညွတ်ကြရန်သာ အရေးကြီးသည်။ မတူကွဲပြားသည်များကို ဘေးဖယ်ထားပြီး နိုင်ငံနှင့် ပြည်သူအတွက် အမှန်တကယ်အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားများ၌ ပူးပေါင်းဆောင်ရွက်နိုင်ကြရန် အရေးကြီးသည်။ သို့ဆိုလျှင် စိန်ခေါ်မှုများကိုကျော်လွှားရန် မခက်ခဲသကဲ့သို့ အခွင့်အလမ်းများ အရအမိဆုပ်ကိုင်ရန်လည်း အခက်အခဲမရှိနိုင်ပါပေ။

နိဒါန်းကိုပြန်ကောက်ပါမည်။ လွတ်လပ်ရေးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးနှင့်ဆိုင်၏ ကာလသုံးပါးဝယ် ပစ္စုပ္ပန်သည် အရေးကြီးဆုံးဖြစ်၏။ ထို့ကြောင့် ယနေ့နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံး ပူးပေါင်းလက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော်သစ်စီသို့ ကြိုးပမ်းမြှင့်တင်တည်ဆောက် ဖော်ဆောင်နေသမျှသည် ပစ္စုပ္ပန်၌ လွတ်လပ်ရေးခိုင်မြဲဖွံ့ဖြိုးစည်ပင်အောင် ကြိုးပမ်းတည်ဆောက်ရင်း အနာဂတ်ဝယ် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာရေရှည်အဓွန့်ရှည်တည်တံ့ရှင်သန်နိုင်အောင် ဆက်ခံထိန်းသိမ်း စောင့်ရှောက်ခြင်းမည်ပါပေ၏။

မိမိတို့နိုင်ငံသည် စည်းလုံးညီညွတ်ကြလျှင် ကြီးပွားတိုးတက်နိုင်သည့် ရေခံမြေခံကောင်းများကို ထုနှင့်ထည်နှင့် ပိုင်ဆိုင်ထားပြီးဖြစ်၏။ မြန်မာနိုင်ငံသည် မြန်မာပြည်သူအားလုံးပိုင်သည့် နိုင်ငံဖြစ်၏။ မိမိနိုင်ငံ ပျက်စီးဆုံးရှုံးမသွားရအောင်၊ တစ်နည်းအားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးရအောင် ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်သွားကြရန် ပြည်သူတိုင်းတွင် တာဝန်ရှိ၏။

ပြည်သူတိုင်းသည် ကိုယ့်နိုင်ငံ၊ ကိုယ့်ရေမြေကို ချစ်ကြ၏။ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူကို ကောင်းစားစေလိုကြ၏။ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး နေလိုကြ၏။ ကိုယ့်ရေ ကိုယ့်မြေ၊ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းကို ခင်တွယ်ကြ၏။ ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်းကို ထူထောင်လိုကြ၏။ ဤသည်မှာ ပြည်သူတိုင်း၏ တူညီသည့် ဆန္ဒပင်။ ထိုထိုသော တူညီသည့် ဆန္ဒများကို အခြေခံလျက် အမိနိုင်ငံတော်ကြီးကို ယနေ့ လွတ်လပ်ရေးနေ့မှသည် နောင်အနာဂတ် ကမ္ဘာတည်သရွေ့ လွတ်လွတ်လပ်လပ် ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝ ဂုဏ်သိက္ခာရှိရှိဖြင့် ကမ္ဘာ့အလယ် တင့်တယ်ထည်ဝါစွာ ရပ်တည်ရှင်သန်နိုင်အောင် ပြည်သူအားလုံးက ပစ္စုပ္ပန်တာဝန်အဖြစ် ခံယူလျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဥမကွဲသိုက်မပျက် ဝိုင်းဝန်းတည်ဆောက်ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပါသည်။ ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ နေပြည်တော် ပျဉ်းမနား ဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ နှစ်ပတ်လည်နေ့နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

နေပြည်တော် ပျဉ်းမနား ဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်နေ့နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဘိုးဘွားရိပ်သာ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီးနှင့် တာဝန်ရှိသူများက အဘိုး ရှစ်ဦးနှင့် အဘွား ၂၂ ဦး တို့အား အလှူငွေ၊ ဆေးဝါးနှင့်လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးတို့၏ ငွေပဒေသာပင်အတွက် လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၁၇၅၈၅၄၀၀ ကို တာဝန်ရှိသူများက ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှင်းထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပင့်သံဃာ ၁၀၈ ပါးနှင့် သီလရှင် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးချစ်မောင်-ဒေါ်ဖွားရှောင်၊ ဦးစံ-ဒေါ်တင်တင်၊ ဦးကျော်သန်း၊ မောင်ကျော်မင်းဦးတို့အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဒေါ်ခင်အေး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ဆုံးရှုံးမှု ကြည့်ရှုစစ်ဆေး

ကယ်ဆယ်ရေးစခန်းရှိ မီးဘေးဒုက္ခသည်များနှင့် ဆေးရုံတက်လူနာများအား နှစ်သိမ့်အားပေး

စားဝတ်နေရေးနှင့် လူမှုရေးကိစ္စများအဆင်ပြေရန် နိုင်ငံတော်က အတတ်နိုင်ဆုံးကူညီမှာဖြစ်ကြောင်း ပြောကြား

ရန်ကုန် ဇန်နဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်မှုဆုံးရှုံးမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့်ပြည်သူများနှင့် မီးလောင်ပေါက်ကွဲမှုကြောင့် ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူနေသော လူနာများအား နှစ်သိမ့်အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မီးလောင်ဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၇ နာရီ မိနစ် ၄၀ တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်လမ်း မေတ္တာမွန်ဂိုဒေါင်အုပ်စု မီးလောင်ပြင်သို့ ရောက်ရှိပြီး မီးလောင်ဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က မီးလောင်မှုဖြစ်စဉ်နှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်က ဂိုဒေါင်များ တည်ဆောက်ထားရှိမှုအခြေအနေနှင့် ဂိုဒေါင်များ မီးလောင်ပေါက်ကွဲမှုများကို မြေပုံကားချပ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အောက်မြန်မာနိုင်ငံ မှုခင်းတပ်ဖွဲ့ ခွဲမှူး ရဲမှူးကြီးမောင်ညိန်းက ဂိုဒေါင်များ မီးလောင်ပေါက်ကွဲမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မီးလောင်ပေါက်ကွဲမှုတွင် အသက်ဆုံးရှုံးခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ၏ မိသားစုများထံ ထောက်ပံ့ငွေများ လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

ကျော်ရဲမင်း ၏

လွတ်လပ်ရေးနေ့နှင့် ပစ္စုပ္ပန်တာဝန်

❝ မိမိတို့နိုင်ငံသည် စည်းလုံးညီညွတ်ကြလျှင် ကြီးပွားတိုးတက်နိုင်သည့် ရေခံမြေခံကောင်းများကို ထုနှင့်ထည်နှင့် ပိုင်ဆိုင်ထားပြီးဖြစ်၏။ မြန်မာနိုင်ငံသည် မြန်မာပြည်သူအားလုံးပိုင်သည့် နိုင်ငံဖြစ်၏။ မိမိနိုင်ငံပျက်စီးဆုံးရှုံးမသွားရအောင်၊ တစ်နည်းအားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးရအောင် ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်သွားကြရန် ပြည်သူတိုင်းတွင် တာဝန်ရှိ၏။ ❞

(ဆောင်းပါး စာမျက်နှာ - ၈၊ ၉၊ ၁၀)

မြင့်မိုရ်ဦး(ပဲခူး) ၏

မျိုးချစ်စိတ်ဓာတ်နှင့် လွတ်လပ်ရေး

(ကဗျာ စာမျက်နှာ - ၈)

ဇီဝသိပ္ပံ အင်တာနက်သတင်း

အင်းဆက်များအသုံးပြု၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီနိုင်မည့်နည်းပညာ သိပ္ပံပညာရှင်များလေ့လာနေ

မီချီဂန် ဇန်နဝါရီ ၁

မြေငလျင်နှင့် အခြားသော သဘာဝကပ်ဘေးများအတွင်း အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေကယ်ဆယ်ရာတွင် အထောက်အကူပေးနိုင်ရန် ပျံသန်းနိုင်စွမ်းရှိသည့် အင်းဆက်ပိုးမွှားများကို အသုံးပြုရေးအတွက် သိပ္ပံပညာရှင်များက နည်းလမ်းရှာဖွေနေကြောင်း ဒီဇင်ဘာ ၂၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

နောက်ကျောထက်၌ သေးငယ်သည့် ကင်မရာများနှင့် မိုက်ခရိုဖုန်းများ တပ်ဆင်ပေးထားသော အခွံမာပိုးကောင်များသည် အပြိုအပျက်များအောက် ပိတ်မိနေသူများအား ရှာဖွေရာတွင် အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အခွံမာပိုးကောင်များတွင် တပ်ဆင်ပေးထားသော အာရုံခံ ကိရိယာငယ်လေးများကို စွမ်းအင်မပြတ် ဖြည့်ဆည်းပေးရေးအတွက် ယင်းပိုးကောင်များ၏ အတောင်ပံလှုပ်ရှားမှုများမှ ထွက်ပေါ်လာမည့် စွမ်းအင်ကို အသုံးပြုသွားရန် သိပ္ပံပညာရှင် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

အမေရိကန်ပြည်ထောင်စု မီချီဂန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ လေ့လာစူးစမ်းနေသော hybrid Insect နည်းပညာသရုပ်ဖော်ပုံကို တွေ့ရစဉ်။

ယနေ့မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက် - အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် - တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက် - အများအားဖြင့် သာယာမည်

နောက်နှစ်ရက်အတွက်

မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။